
VERTIGO
BOILEAU-NARCEJAC




ISBN 978-99986-52-60-6
9 789998 652606

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - နိုဝင်ဘာလ၊ ၂၀၂၄ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်း ပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။


အတွင်းပုံနှိပ် - ဦးမြင့်ခိုင်၊ ထွန်းသစ္စာ ပုံနှိပ်တိုက် (၀၀၀၃၈)
အမှတ်-၁၉(စီ)၊ ၅၅-လမ်း(လယ်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

မျက်နှာဖုံးသရုပ်ဖော် - ဇော်မောင်

တန်ဖိုး - ၉၄၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

## အမှာ

ဤဝတ္ထုကို ပြင်သစ်စာရေးဆရာ ပီရဲဘွိုင်လို နှင့် သောမတ်စ်နာစူဂျက် တို့က 'ဘွိုင်လိုနာစူဂျက်' ဟူသော ကလောင်အမည်ဖြင့် ပူးပေါင်း၍ ရေးသားခဲ့သည်။ ဘွိုင်လိုက ဇာတ်ကွက်ချ၍ နာစူဂျက်က ဇာတ်လမ်းအငွေ့အသက်နှင့် ဇာတ်ကောင်ကို ဖန်တီးသည်။ ထိုသို့ ပူးပေါင်းရေးသားခြင်း မပြုခင်ကတည်းက နှစ်ဦးလုံးသည် Prix du Roman d'Aventures ပြင်သစ်စာပေဆု ရရှိထားသည့် အောင်မြင်သော မှုခင်းဇာတ်လမ်းစာရေးဆရာများ ဖြစ်ကြ၏။ ထိုဆုကို ဘွိုင်လိုက ၁၉၃၈ ခုနှစ်တွင် ရရှိပြီး နာစူဂျက်က ၁၉၄၈ ခုနှစ်မှာ ရသည်။ သူတို့သည် ၁၉၄၈ ခုနှစ် ဆုပေးပွဲတွင် စတင်တွေ့ဆုံခဲ့ပြီး လေးနှစ်အကြာ ၁၉၅၂ ခုနှစ်တွင် နှစ်ဦးပေါင်း ရေးသားသော ပထမဆုံးဝတ္ထု ထွက်လာသည်။ နှစ်ဦးပေါင်း၍ လုံးချင်း ၄၃ အုပ်၊ ဝတ္ထုတိုအပုဒ်ရေ ၁၀၀ နှင့် ပြဇာတ်လေးပုဒ် ရေးသားခဲ့ကြပြီး ရုပ်ရှင်အဖြစ် အများအပြားအသက်သွင်းခဲ့ရာ နာမည်အကြီးဆုံးမှာ Celle qui n'était plus (1952) နှင့် ယခု D'entre les morts (1954) တို့ ဖြစ်သည်။ သူတို့၏ ရွှေစည်းမျဉ်းမှာ ဇာတ်လိုက်ကို ဘယ်တော့မှ အိပ်မက်ဆိုးမှ နိုးမထစေခြင်း ဖြစ်သည်။ ဤဝတ္ထုကို ၁၉၅၆ ခုနှစ်တွင် ဂျော့ဖရီဆန့်ဘူရီက The Living and the Dead အမည်ဖြင့် အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သော်လည်း ဂန္ထဝင်ရုပ်ရှင်ဒါရိုက်တာကြီး အဲဖရက် ဟာစ်ချ်ကော့က Vertigo (1958) အဲမည်ဖြင့် ရုပ်ရှင်ရိုက်ကူး အောင်မြင်

mgyoe.com

mgyoe.com SAMPLE BOOK

ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် Vertigo အမည်ဖြင့် ပြန်လည်ထုတ်ဝေခဲ့သည်။ ဤဝတ္ထုကို စိတ်ကူးယဉ်ဖန်တီးထားခြင်း ဖြစ်သော်ငြား ပြင်ပရှိ နေရာ၊ လမ်း၊ အဆောက်အဦ၊ အသုံးအဆောင်များကို ထည့်သွင်းရေးဖွဲ့ထားသောကြောင့် ဗဟုသုတအလို့ငှာ ရှာဖွေရအဆင်ပြေစေရန် သီးခြားဖော်ပြထားပါသည်။

ဤဝတ္ထုပါ ပြင်သစ်အသံထွက် စကားလုံးများကို မေတ္တာဖြင့် ကူညီပေးသော ဆရာရိုးလ်ကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

❖

mgyoe.com

mgyoe.com SAMPLE BOOK

# ပထမပိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၁)

"ဒီမယ်၊ ငါ့မိန်းမကို မင်းမျက်စိဒေါက်ထောက် လိုက်ကြည့်မှ ဖြစ်တော့မယ်"

ပေါလ်ဂျီဗင်း၏ စကားကြောင့် ရော်ဂျာဖလာ့ဗီရဲက -

"ဟေ တယ်ခက်ပါလား။ သူက ရှုးများ သွားလို့လား"

"မင်းထင်သလို မဟုတ်ပါဘူး"

"ဒီလိုဆို ဘာကြောင့်တုံး"

"ပြောရခက်လိုက်တာ။ သူ့ပုံစံ တစ်မျိုးကြီး ဖြစ်နေတာ ငါစိတ်ပူလို့"

"မင်းက ဘာကို စိတ်ပူတာတုံး၊ တိတိကျကျ ပြောစမ်းကွာ"

ဂျီဗင်းက ချီတုံချတုံနှင့် ဖလာ့ဗီရဲကို ကြည့်လိုက်၏။ သူ့အား ဂျီဗင်းက ယုံကြည်စိတ်ချစွာ ဖွင့်ဟတိုင်ပင်ဖို့ မရေမရာ ဖြစ်နေမှန်း ကြည့်တာနှင့် သိသည်။ ဥပဒေကျောင်းမှာ အသိမိတ်ဆွေ ဖြစ်ခဲ့ကြသည့် လွန်ခဲ့သော ဆယ့်ငါးနှစ်ကအတိုင်း ဂျီဗင်းသည် သူ့အား အပေါ်ယံအားဖြင့် ခင်မင်ရင်းနှီးစွာ စကားဖောင်ဖွဲ့တတ်သော်လည်း အတွင်းစိတ်မှာတော့ ဆန့်ကျင်ဘက်အနေဖြင့် ပွင့်လင်းမှု မရှိလှချေ။

ဂျီဗင်းက ဖလာ့ဗီရဲအား တအံ့တသြနှင့် ဝမ်းသာအားရ လက်နှစ်ဖက် ဆုပ်နယ်တန်း၍-

'ဟား... ငါ့ကောင်ကြီးနဲ့ ပြန်တွေ့ရတာ ဝမ်းသာလိုက်တာကွာ' ဟု ဖက်လှဲတကင်း နှုတ်ဆက်ပုံကတော့ အတော်ပင် သေသပ်ကောင်းမွန်ပါ၏။ သို့သော် ဖော်ရွေပျူငှာပုံပေါက်အောင် တမင် လုပ်ယူထားမှန်း ဖလာ့ဗီရဲက တန်းသိသည်။ ထိုနှုတ်ဆက်ခန်းကိုကြိုလေ့ကျင့်ထားပုံရသည့်တိုင် အမူအရာက နည်းနည်း တော့ ပိုနေ၏။

mgyoe.com

m gyoe.com  SAMPLE BOOK 

ဂျီဗင်းသည် ဂနာမငြိမ်။ သူ၏ ရယ်သံမှာ လုပ်ယူထားသောကြောင့် တစ်ဝက်တစ်ပျက်နှင့် အဆက်ပြတ်သွားသည်။ ပုံမှန်မဟုတ်မှန်း သိသာ၏။ ဂျီဗင်း လုံးဝ စိတ်မသက်မသာ ဖြစ်နေကြောင်း ဖလာ့ဗီရဲက အလိုလို သိလိုက်သည်။

သူတို့နှစ်ယောက်လုံး၏ ရုပ်ရည်ကို ပြောင်းလဲသွားစေသည့် ကုန်လွန်ခဲ့သော ဆယ့်ငါးနှစ်ကို မေ့ဖျောက်ထားလိုက်ချင်သည်။ ဂျီဗင်းမှာ တစ်ခေါင်းလုံး ပြောင်ခါနီး၍ မေးစေ့ကို ဘယ်မှာ ရှာရမှန်း မသိတော့။ မျက်ခုံးမွေးတွေ ဖြူပြီး နှာခေါင်းဘေးမှာ တင်းတိပ်ကွက်တွေ ပေါ်နေလေပြီ။ ဖလာ့ဗီရဲကတော့ ပိုပိန်သွားရုံမက လောကဓံကြောင့် ခါးပင် ကိုင်းနေချေပြီ။

ရဲတပ်ဖွဲ့ထဲ ဝင်ဖို့ ဥပဒေပညာ သင်ခဲ့သည်ဟု ထင်ထားရာ အခုမှ အဘယ်ကြောင့် ရှေ့နေလုပ်ရသနည်းဟု ဂျီဗင်းသာ မေးလာလျှင်... ထိုသို့ တွေးမိသောအခါ ဖလာ့ဗီရဲ လက်တွေ စေးထန်းထန်း ဖြစ်လာ၏။

ဂျီဗင်းက ဆေးပြင်းလိပ် အပြည့်ထည့်ထားသော ဘူးလှလှလေး တစ်ခု ဖလာ့ဗီရဲဆီ ကမ်းပေးရင်း–

"ဘာကို စိတ်ပူမှန်း တိတိကျကျတော့ ငါလဲ မပြောတတ်ဘူး"

သူ့အဝတ်အစားက ကျိုကျိုတက် ကြွယ်ဝချမ်းသာမှုကို အထူးတလည် ဖော်ပြပေးနေသည်။ အဆင့်မြင့် စားသောက်ဆိုင် တစ်ဆိုင်၏ နာမည်ပါသော မီးခြစ်ဆံဘူးထဲမှ ပန်းရောင်မီးခြစ်ဆံလေးတစ်ချောင်း ထုတ်၍ မီးညှိလိုက်ချိန်တွင် ဂျီဗင်း၏ လက်သူကြွယ်မှ လက်စွပ်က လက်ခနဲ ဖြစ်သွားသည်။ သူက ဆေးပြင်းလိပ်ကို ပါးစောင်ချို့အောင် ရှိုက်၍ အငွေ့ကို လုံးခနဲ ဖြည်းဖြည်းချင်း မှုတ်ထုတ်လိုက်၏။

"...တကယ်လဲ မေးမယ်ဆို မေးချင်စရာပဲ"

မှန်သည်။ သူအများကြီး ပြောင်းလဲသွားခဲ့ပြီ၊ ဂျီဗင်းသည် အာဏာ ရှိ၏။ ဘုတ်အဖွဲ့အစည်းအဝေးများမှာ သူ့အတွက် နေရာတစ်ခု အမြဲရှိသည်။ အထက်တန်းလွှာများအတွက် အသုံးဝင်သော အဆက်အသွယ်တွေ ရှိသည်။ သို့တိုင် သူ့မျက်လုံးများက အမြဲတစေ သတိကပ်နေရသဖြင့် လောကကြီးကို စိတ်ကုန်၍ လက်မှိုင်ချဖို့ အဆင်သင့် ဖြစ်နေပုံပေါက်သည်။

ဖလာ့ဗီရဲက ငေါ့တော့တော့ လေသံဖြင့် –

"မေးချင်စရာ ဟုတ်လား"

m g y o e . c o m

mgyoe.com

ဂျီဗင်းက လေးနက်စွာ –

"ဒီစကားလုံး သုံးမှ မှန်မယ်ထင်တာပဲ။ ငါ့မိန်းမမှာ စိတ်ဆင်းရဲစရာ ဘာမှ မရှိဘူး။ ငါတို့ အိမ်ထောင်ကျတာ လေးနှစ်ရှိပြီ။ နှစ်လလောက်တော့ အတူနေဖြစ်ခဲ့ကြတယ်။ ငါတို့မှာ လိုချင်တာ အကုန်ရှိတယ်။ လဲဟားမြို့က ငါ့စက်ရုံလဲ စည်းရုံးရေးပြီးကတည်းက အပြည့်အဝ လည်ပတ်နေပြီ။ သူ စိတ်မူမမှန် စဖြစ်ဖြစ်ချင်း ငါ့ကို ခေါ်မရတဲ့ အကြောင်းရင်းကတော့ တိုက်တိုက်ဆိုင်ဆိုင် အဲဒါကြောင့်ပဲ။ ကဲ... ဒီအခြေအနေလောက်ဆို ငါတို့တွေ ကံကောင်းတယ် ပြောလို့ရတာ မင်း အမြင်ပဲ"

ဖလာ့ဗီရဲက ကြားဖြတ်၍ –

"ကလေးကော ရှိလား"

"မရှိဘူး"

"ဆက်ပါဦး"

"မဒလင်းမှာ မိန်းမတစ်ယောက် စိတ်ချမ်းသာစရာ မှန်သမျှ အကုန်ရှိတယ်လို့ ငါ ပြောရဲတယ်။ ပြီးလဲပြီးရော ဗွေဖောက်လာပါလေရောကွာ။ သူ့ဗီဇကိုက အတော်လေး ဆန်းတဲ့အထဲ ပါတယ်။ ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ ဂနာမငြိမ် ပြီးခဲ့တဲ့ လပိုင်းတုန်းက တော်တော့်ကို အခြေအနေ ဆိုးလာတာ"

"ဆရာဝန် သွားမပြဘူးလား၊ ပြတော့ ပြတယ်မဟုတ်လား"

"ပြတာပေါ့။ ခဏခဏပဲ။ အတော်တကာ့ အတော်ဆုံး ဆိုတဲ့ ဆရာဝန်တွေမှ ရွေးပြတာ။ ပြီးတော့လဲ မထူးပါဘူး။ ဘာမှကို မထူးတာ"

"မင်း ပြောချင်တာ ရုပ်ပိုင်းဆိုင်ရာကိုလား၊ စိတ်ပိုင်းဆိုင်ရာတွေ ဘာတွေကော"

"အဲဒီအပိုင်းလဲ ဘာမှ မထူးပါဘူး။ အနည်းဆုံးတော့..."

ဂျီဗင်းက လက်ကို ဘယ်ထားရမှန်း မသိသလိုနှင့် ဝေ့စကုတ်ပေါ်ကျနေသော ပြာတချို့ကို သုတ်လိုက်ပြီး –

"အားလုံးမှာ တူတာ တစ်ခုတော့ ရှိတယ်။ ငါပြောချင်တာလဲ အဲဒီကိစ္စပဲ။ အစက ငါလဲ သူ့ကို ဒုက္ခပေးနေတာ သူ့ စိုးရိမ်စိတ်ပဲလို့ ထင်တာ။ ဥပမာ–စစ်ဖြစ်နေလို့ ဘာရယ် အကြောင်းရင်း တိတိကျကျ မရှိဘဲ သူ့ဟာသူ စိတ်ထဲကြံဖန်ကြောက်နေတာတွေ ဘာတွေလားပေါ့။ အကောင်းကြီးကနေ ရုတ်ခြည်း

mgyoe.com

m gyoe.com

SAMPLE BOOK


ငြိမ်ကျသွားတာတို့၊ သူ့ကို ငါစကားပြောလဲ မကြားတော့တာတို့၊ တစ်ခုခုကို တွေတွေကြီး စိုက်ကြည့်နေတာတို့၊ ငါ ပြောမပြတတ်တဲ့ ထူးထူးဆန်းဆန်း အပြု အမူတွေကွာ။ ကြားရတာ အဓိပ္ပာယ်မရှိမှန်း ငါလဲ သိပါတယ်။ ဒါပေမဲ့ ကျန်တဲ့သူ ငါတို့တွေ မမြင်နိုင်တဲ့ အရာတွေ သူတစ်ယောက်တည်း ကွက်မြင်နေရသလိုပဲ။ နောက် ပုံမှန်ပြန်ဖြစ်သွားချိန်ကျရင် ပတ်ဝန်းကျင်ကို အချိန် နည်းနည်းကြာမှ ပြန်မှတ်မိလာသလိုမျိုး .သူ့မျက်နှာက နည်းနည်း စိတ်ရှုပ်သွားတဲ့ပုံစံ ပေါက်သွား တတ်တယ်၊ သူ့ယောကျ်ား သူတောင် ပြန်မမှတ်မိသလိုမျိုး"

ဂျီဗင်းသည် မီးသေသည့်အတိုင်း ထားထားသော ဆေးပြင်းလိပ်ကို မီး ပြန်ညှိ၏။ ပြီးလျှင် ဖလာ့ဗီရဲ သိထားသော ယခင်ပုံစံအတိုင်း စိတ်ရှုပ်ထွေးသည့် အသွင်နှင့် ရှေ့တည့်တည့်ကို ငူငူကြီး စိုက်ကြည့်နေလေသည်။

ဖလာ့ဗီရဲက လေသံခပ်တင်းတင်းနှင့် –

"စိတ်ရောဂါ ကိုယ်ပါ မကျန်းမမာဖြစ်တာ မရှိဘူးဆိုရင် တမင်လုပ်နေ တာပဲ ဖြစ်မယ်၊ ကြည့်ရတာ..." ဟု ဆိုလျှင် ဂျီဗင်းက လက်ဖဝါးထောင်ပြလိုက် သဖြင့် သူ့စကားကို တစ်ပိုင်းတစ်စနှင့် ရပ်လိုက်ရ၏။

"ငါလဲ အဲဒီလို တွေးမိလို့ မသိမသာ စောင့်ကြည့်နေတာ။ တစ်နေ့ သူ့ နောက် လိုက်ချောင်းတော့ သူက ဘူးလော့ပန်းခြံက ကန်ကြီးရှေ့မှာ ထိုင်ပြီး မလှုပ်မယှက်နဲ့ ရေကသိုင်း ရှုနေတာဗျား"

"ဒီ့အပြင်ကော ဘာရှိသေးလဲ"

"သိပ်ရှိတာပေါ့။ ရှင်းပြဖို့တော့ ခက်တယ်။ သူက ရေကို စူးစူးစိုက်စိုက် ကြည့်နေတာ အင်မတန် ထူးဆန်းတယ်။ တစ်လောကလုံးမှာ ရေကပဲ သူ့အတွက် အရေးအကြီးဆုံး ဖြစ်နေသလိုမျိုး။ အဲဒီည ငါမေးတော့ သူက အေးအေးပဲ။ အိမ်ကနေ တစ်ဖဝါးမှ မခွာပါဘူးတဲ့၊ သူ့ကို မြင်ခဲ့တယ်လို့တော့ ငါ ဘယ်ပြောမလဲ"

ဖလာ့ဗီရဲမှာ အဖြေကို ရှာတွေ့တော့မလိုနှင့် အစပျောက်သွားပြန် သဖြင့် အကြောင်းသိ ကျောင်းနေဖက်ကြီးနှင့် သူ၏ မလည်ရှုပ် ဇာတ်လမ်းကို အသည်းယားသွားသည်။

"ဒီမယ်၊ မင်းမိန်းမဟာ စိတ်မကျန်းမာတာလဲ ဖြစ်ချင်ဖြစ်မယ်။ တစ်ခုခု ကို လှည့်စားနေတာလဲ ဖြစ်ချင်ဖြစ်မယ်။ အဲဒီနှစ်ခုထဲက တစ်ခုပဲ။ လှည့်စား တာ ဆိုရင်တော့ ဒီကိစ္စ နောက်ကွယ်မှာ လူတစ်ယောက်ယောက် ရှိမယ့် ပုံပဲ"

mgyoe.com

mgyoe.com  SAMPLE BOOK 

ဂျီဗင်းက ခုံပေါ်ရှိ ပြာခွက်ဆီ လက်လှမ်းကာ ပြာတောင့်ဖြူဖြူကို တောက်၍ ခြွေချလိုက်ရင်း ဝမ်းပန်းတနည်း ပြုံးသည်။

"မင်းအတွေးလဲ ငါနဲ့ တစ်ထပ်တည်းကိုး။ မဒလင်းဟာ သစ္စာမဲ့တဲ့ မိန်းမ မဟုတ်တာတော့ လုံးဝ သေချာတယ်။ တစ်ဖက်မှာလဲ ပါမောက္ခကြီး လာဗရင်းက သူဟာ လုံးဝ ပုံမှန်ပဲလို့ အတည်ပြုထားတယ်။ မင်း ပြောသလို သူက ဘာလို့ တမင်လုပ်နေသလဲ။ အဲဒီလို လုပ်လို့ ဘာရမလဲ။ အပျော်စနောက်တယ် ပြောရအောင်လဲ ယုံအောင် စချင်တာနဲ့တော့ ဘယ်သူမှ ဇာတ်တိုက်ထားမှာ မဟုတ်ဘူး။ ပန်းခြံက ရေကန်မှာ ဘာအကြောင်းမှ မရှိဘဲ နှစ်နာရီလောက် ရေကသိုင်း ထိုင်ရှုတဲ့သူ ရှိလို့လား။ ဒါ ဥပမာတစ်ခုပဲ ပြောပြသေးတာနော်။ တခြားဟာတွေ အများကြီး ရှိသေးတယ်"

"အဲဒီကိစ္စကို သူနဲ့ ပွင့်ပွင့်လင်းလင်း ပြောဖြစ်လား"

"အေး၊ ပုံမှန်အတိုင်းပါပဲ။ သူ ရုတ်တရက်ကြီး အိပ်မက်မက်သလို ဖြစ်သွားတဲ့အခါ မင်းဘာဖြစ်နေတာလဲလို့ ငါမေးတယ်"

"အဲဒီတော့ သူက ဘာပြောလဲ"

"ဘာမှ မဖြစ်ပါဘူးတဲ့။ တခြားသူတွေလိုပဲ လက်ရှိ ကမ္ဘာ့အခြေအနေကို စိတ်ပူတာမျိုးမို့ စိတ်ထဲ မထားပါနဲ့တဲ့"

"မင်း မေးတော့ သူ စိတ်မဆိုးဘူးလား"

"အေး၊ နည်းနည်းတော့ ဆိုးတာပေါ့။ ဒါပေမဲ့ ရှက်ကိုးရှက်ကန်း ဖြစ်သွားတာ ပိုများတယ်"

"မင်းစိတ်ထဲမှာ သူ လိမ်ပြောနေတယ်လို့ ခံစားရလား"

"လုံးဝ မခံစားရဘူး။ ကြောက်နေတယ်လို့ပဲ ခံစားရတယ်။ ရယ်စရာကောင်းတာ ပြောရဦးမယ်။ ဒီမယ်... ဟိုတုန်းက အာဆလင်းရုံမှာ တို့တွေ သွားကြည့်ခဲ့တဲ့ Jacob Boehme ဆိုတဲ့ ဂျာမန်ရုပ်ရှင်ကို မှတ်မိလား"

"အေး"

"ထူးခြားတဲ့ အမြင်အာရုံတစ်ခုခု ရတာနဲ့ မိန်းမောသလို ဖြစ်ဖြစ်သွားတဲ့ မင်းသားရဲ့ မျက်နှာအမူအရာကို မင်း မှတ်မိလား။ သူ့မှာ ဒိဗ္ဗစက္ခုနဲ့ မြင်နိုင်စွမ်းရှိတာကို ဖုံးထားဖို့ ကြိုးစားတာလေ။ အေး... မဒလင်းမျက်နှာက အဲဒီ ဂျာမန်

mgyoe.com

မင်းသားရဲ့ မျက်နှာအတိုင်းပဲ မောင်။ ယောင်တိယောင်နနဲ့ လျှို့ဝှက်ဆန်းကြယ်တဲ့ အကြည့်ကွာ၊ ရီဝေဝေအကြည့်လို့ ပြောရမလား”

“တော်စမ်းပါ၊ မင်းမိန်းမက ဒိဗ္ဗစက္ခုအာရုံတွေ ရနေတယ်လို့ ပြောမလို့လား”

“မင်းလဲ ငါ့လို ဒီစကားပဲ ပြန်ပြောမှာ သိပြီးသားပါ။ ငါလဲ ကိုယ့်မျက်စိနဲ့ တပ်အပ်မြင်တာတောင် မယုံချင်တာ ကြာလှပါကောကွာ”

“သူက ဘုရားကျောင်းကော သွားလား”

“သူများတွေလိုပဲ သွားစရာ ရှိတာတော့ သွားတာပေါ့”

“သူက ရှေ့ဖြစ်ဟောတို့ အကြားအမြင်တို့ကော လေ့လာ လိုက်စားဖူးသလား”

“ဟင့်အင်း၊ တစ်ခါမှ မလုပ်ဖူးဘူး။ အဲဒီလိုဟာတွေလဲ တစ်ခုမှ မလုပ်ပါဘူး။ အဲဒီလို အခြေအနေမျိုးနဲ့လဲ မတူဘူး။ တစ်ခုခုတော့ ဖြစ်နေတာတော့အမှန်ပဲ။ သူ့ပုံစံက ရုတ်တရက်ကြီး တခြားတစ်နေရာ ရောက်နေသလိုမျိုး မင်းကြည့်လိုက်ရင် သိတယ်”

“စိတ်လွတ်သွားတာလို့ ထင်လား”

“အဲဒါတော့ သေချာတယ်။ အကြာကြီး စောင့်ကြည့်ထားလို့ လောလောဆယ် သိလာတာ တစ်ခုတော့ ရှိတယ်။ သူက အတိုက်အခိုက် တစ်ခုခု ရောက်လာတာ သိလို့ အဲဒီအရာကို သူ့ဟာသူ စကားတွေ ပြော၊ မီးတွေ ဖွင့်နဲ့ လိုက်တားနေတာ။ တစ်ခါတလေ ပြတင်းပေါက်ထဖွင့်မှ အသက်ဝဝ ရှူရတဲ့ပုံ။ အဲဒီလိုအချိန် သူ့ကို ကယ်တင်ဖို့ ငါက ဟိုဟိုဒီဒီ စကားတွေ ပြော၊ ဟာသတွေ လျှောက်လုပ်ရင် သူ့ခမျာ အောင့်အည်းပြီး ဒီဘက်ခြမ်းမှာ အလိုက်သင့် ပြန်နေရသလိုပဲ။ အရှည်ကြီး ပြောပြနေရလို့ ဆောရီးပဲကွာ။ မဟုတ်ရင်လဲ သူ့အခြေအနေကို တခြားသူက ဘယ်လိုမှ နားလည်မှာ မဟုတ်ဘူး။ တစ်ဖက်မှာကျတော့လဲ ငါ့အတွေးနဲ့ ငါ့ဟာငါ နေချင်ယောင်ဆောင်လိုက်ရင် သူက အဲဒီလို ဖြစ်ပြီ၊ ပြီးကို မပြီးနိုင်ဘူး။ တောင့်တောင့်ကြီးနဲ့ တစ်ခုခု မြင်ရသလို မျက်လုံးချည်းပဲ ရွှေ့ပြီး လိုက်ကြည့်နေတာ။ အနည်းဆုံးတော့ အဲဒီလို လိုက်ကြည့်နေတယ်လို့ ယူဆတာပဲ။ မျက်လုံးကြီးပြူးပြီး လိုက်ကြည့်၊ သက်ပြင်းအရှည်ကြီးတွေ ချ၊ နဖူးပေါ် လက်တင်ပြီး ငါးမိနစ်၊ ဆယ်မိနစ်လောက် ကြာရင် အိပ်ပျော်နေရင်း လမ်းထလျှောက်တဲ့သူလို ဖြစ်သွားရော”

mgyoe.com

mgyoe.com  SAMPLE BOOK 

"သူ့လှုပ်ရှားပုံတွေကကော အကြောခွဲသလို ဆန့်ငင်ဆန့်ငင် ဖြစ်နေလား"

"မဖြစ်ဘူး၊ အဲဒီလိုတော့ ဖြစ်မနေဘူး။ ပြောရ ခက်လိုက်တာကွာ။ အိပ်ရင်း လမ်းလျှောက်တဲ့ သူကိုလဲ ငါတစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မတွေ့ဖူးဘူး။ သူ့ပုံစံက အိပ်ပျော်နေတဲ့ အမူအရာလဲ လုံးဝ မပေါက်ဘူး။ စိတ်နဲ့ ကိုယ်နဲ့ မကပ်တော့သလိုမျိုး လွတ်သွားတာ။ သူ့ပုံစံက တခြားတစ်ယောက် ဖြစ်သွားသလိုမျိုး။ သူများကြားရင် ရယ်စရာကြီးမှန်း သိပါတယ်။ ဒါပေမဲ့ 'သူက တခြားတစ်ယောက် ဖြစ်သွားတာ' လို့ သုံးရတာထက် ပိုသင့်တော်တဲ့ စကား မရှိဘူး"

ဂျီဗင်း၏ မျက်လုံးများက အမှန်ပင် ဒုက္ခရောက်နေရှာ၏။ ဖလာ့ဗီရဲက-

"တခြားတစ်ယောက် ဟုတ်လား။ အဓိပ္ပာယ်မရှိတာ" ဟု အသံနက်ကြီးဖြင့် ထအော်သည်။

"အဲဒီလိုမျိုး... လောင်းရိပ်မိတာ ဘာညာတွေ ရှိတတ်တာ မင်း မယုံဘူး မဟုတ်လား"

ဂျီဗင်းက လက်လျှော့လိုက်သည့်နှယ် ဆေးပြင်းလိပ်ကို ပြာခွက်ထဲ ထိုးခြေ၍ သူ့လက်သူ တင်းတင်းဆုပ်ကာ ဆက်ပြောသည်။

"ဝန်ခံစရာ တစ်ခုတော့ ရှိတယ်။ အစကတည်းက ငါပြောပြလိုက်ရင် ပိုကောင်းမှာ။ ဒီလိုကွ။ မဒလင်းရဲ့ ဘိုးဘေးတွေထဲမှာ ပေါ်လင်းလာဂျလက်လို့ ခေါ်တဲ့ ထူးထူးဆန်းဆန်း အမျိုးသမီးတစ်ယောက် ရှိတယ်။ သူ့အဘွားရဲ့ အမေပေါ့။ သိပ်အလှမ်းအဝေးကြီးတော့ မဟုတ်ဘူးကွာ သိလား။ သူ့အသက် ဆယ့်သုံးလေးနှစ်မှာ ထူးထူးဆန်းဆန်း အပြင်းဖျားတယ်။ ဘယ်လိုလဲတော့ ငါလဲ တကယ်ရှင်းမပြတတ်ဘူး။ သူ့အတက်ရောဂါက တစ်မျိုးပဲ။ သူ့အခန်းကနေ ထူးဆန်းတဲ့ အသံတွေ ကြားရတာ"

"နံရံကို တဗြောက်တောက် ခေါက်တဲ့ အသံတွေလား"

"အေး"

"ပရိဘောဂတွေ နေရာရွှေ့သလို ကုတ်ခြစ်သံတွေရော"

"အေး"

"သိပြီ၊ အဲဒါ အဲဒီအသက်အရွယ် မိန်းကလေးတွေမှာ မကြာခဏ တွေ့ရတတ်တဲ့ လက္ခဏာတွေပဲ။ ရှင်းပြလို့ မရဘူးလို့ ပြောကြတာတော့ ငါလဲ မယုံဘူး။ ပုံမှန်ဆို အဲဒါမျိုးက အကြာကြီး မခံပါဘူး"

mgyoe.com

 SAMPLE BOOK 

"အဲဒီလိုကိစ္စတွေတော့ ငါလဲ မကျွမ်းဘူး။ ဒါပေမဲ့ ပေါ်လင်းရဲ့ ဘဝက တော့ အတော်လေး ဆန်းတယ်။ သူက မယ်သီလရှင် ဖြစ်ချင်တာတဲ့၊ နောက်တော့ အဲဒီစိတ်ကူးကို စွန့်လွှတ်ပြီး အိမ်ထောင်ပြုလိုက်တယ်။ နောက် သုံးလေးနှစ် ကြာ တော့ ဘာအကြောင်းရင်းမှ မရှိဘဲ ဆူဆိုက်လုပ်သွားသတဲ့"

"အဲဒီတုန်းက သူ့အသက် ဘယ်လောက်ရှိပြီလဲ"

ဂျီဗင်းက လက်ကိုင်ပဝါထုတ်၍ ပါးစပ်ကို တို့ရင်း–

"နှစ်ဆယ့်ငါးနှစ်တဲ့၊ မဒလင်းရဲ့ အခုအသက်အရွယ်ပေါ့"

"ဟင်"

နှစ်ယောက်လုံး တိတ်သွားကြသည်။ ဖလာ့ဗီရဲက ဇာတ်လမ်းကို စိတ်ထဲ မှာ အစအဆုံး ပြန်စဉ်းစားကြည့်လိုက်၏။ ထို့နောက် –

"ဒီအကြောင်းကို မင်းမိန်းမလဲ သိမှာပေါ့၊ ပေါ်လင်းလာဂျလက်ရဲ့ ဇာတ် လမ်းကိုလေ"

"အမှန်အတိုင်း ပြောရရင် သူ မသိဘူးကွ။ မင်္ဂလာဆောင်ပြီးမှ ယောက္ခမ ကြီးက ငါ့ကို အဲဒီဇာတ်လမ်း ပြောပြတာ။ အဲဒီတုန်းကတော့ လောကဝတ်အရ နားထောင်ပေးလိုက်တာပါပဲ၊ အရေးပါတယ်လို့လဲ မထင်ဘူးလေ။ အဲဒီကတည်းက သိခဲ့ရင်တော့လားကွာ။ အခုတော့ ယောက္ခမကြီးလဲ ဆုံးသွားပြီ။ အဲဒီအကြောင်း ထပ်မေးလို့ ရတဲ့သူလဲ တစ်ယောက်မှ မရှိတော့ဘူး"

"မင်းယောက္ခမကြီးက ဘာစိတ်ကူးနဲ့ အဲဒီကိစ္စ ပြောပြရတာလဲလို့ မင်း မတွေးမိဘူးလား"

"ငါလဲ မတွေးမိလောက်ဘူး။ ကြုံလို့ ပြောပြလိုက်တာလို့ပဲ ထင်တာ။ မဒလင်းကို ဘာအကြောင်းရှိရှိ ဒီဇာတ်လမ်း ပြောမပြနဲ့လို့ မှာတာတော့ ငါ သေချာ မှတ်မိတယ်။ စိတ်မနှံ့ဘူးလို့ ယူဆရတဲ့ လူတစ်ယောက် မိသားစုထဲမှာ ရှိနေတာ သိကွာကျလို့ သူ့သမီး မသိတာ ပိုကောင်းတယ်တဲ့"

"ပေါ်လင်းလာဂျလက်က ဘာအကြောင်းမှ မရှိဘဲ သူ့ကိုယ်သူ သတ်သေ သွားတယ်လို့ မင်း ပြောတယ်နော်။ အဲဒါက ဖြစ်နိုင်ခြေ မရှိဘူး"

"အကြောင်းရင်းလဲ ဘယ်သူမှ ရှာမတွေ့ဘူးလေ။ သူ့ကြည့်ရတာ စိတ် ဆင်းရဲစရာ ရှိပုံလဲ မရပါဘူး။ မသေခင် လပိုင်းအလိုမှာ သားလေးတစ်ယောက် မွေးတယ်။ အခြေအနေအားလုံး တည်တည်ငြိမ်ငြိမ် ရှိနေတယ်လို့ လူတိုင်း ထင်ခဲ့ ကြပြီးမှ ရုတ်တရက်ကြီး တစ်နေ့လဲကျရော..."

mgyoe.com

mgyoe.com

"အဲဒီကိစ္စနဲ့ မင်းမိန်းမ ဘယ်လိုပတ်သက်နေလဲ အခုထိ ငါ စဉ်းစားလို့ မရဘူး"

ဂျီဗင်းက သက်ပြင်းတစ်ချက် လေးပင်စွာ ချလိုက်၏။

"သိရပါစေမယ်၊ ဒီလိုကွ။ သူ့အမေဆုံးတော့ ထုံးစံအတိုင်း မိသားစုအမွေတွေ အများကြီး ရတယ်။ ပေါ်လင်းဆီက လက်ဝတ်ရတနာနဲ့ ကျောက်သံပတ္တမြားတွေလဲ ပါတာပေ့ါ။ အဲဒီထဲမှာ ပယင်းဘယက် တစ်ကုံး ပါတယ်။ မဒလင်းက အဲဒီ ပယင်းကျောက်တွေကို သိပ်ကြိုက်တယ်။ သူက အမြဲတမ်း အဲဒီ ပယင်းလုံးတွေကို တသသ ကိုင်ကြည့်လိုက်၊ လွမ်းလွမ်းဆွေးဆွေး ငေးမောလိုက် လုပ်နေတာ။ ပြီးတော့ ပေါ်လင်းတိုယ်တိုင် ဆွဲထားတဲ့ သူ့ပုံတူ ပန်းချီကားကြီး တစ်ချပ်လဲ ရှိတယ်။ မဒလင်းလဲ အပျော်တမ်း ပန်းချီဆရာမ တစ်ယောက်ပဲ။ သူက တစ်နေ့တစ်နေ့ အဲဒီပန်းချီကားကြီးပဲ တစ်ချိန်လုံး ထိုင်ကြည့်နေတာ အညို့ခံထားရသလိုပဲ။ နောက်တစ်ခု ရှိသေးတယ်။ သူ ပန်းချီကားကို မှန်ဘောင်ထောင်၊ ပန်းချီကားထဲကလို ဆံထုံးပြင်ပြီး ပယင်းဘယက် ဝတ်ထားတာ ငါ မိဖူးတယ်"

ဂျီဗင်းက ရှက်ရှက်နှင့် ဆက်ပြောသည်။

"ဟိုးအရင်ကတည်းက သူ့လည်မှာ မချွတ်တမ်း ဝတ်ထားဖူးသလိုမျိုး"

"ပေါ်လင်းနဲ့ သူနဲ့ကြားမှာ တူတာ ဘာရှိလဲ"

"ဆင်တင်တင်ပါပဲ။ လုံးဝတူနေတာမျိုး မရှိပါဘူး"

"ငါ ဟိုးအစကတည်းက မေးတဲ့ မေးခွန်းကို ပြန်ဆက်ရရင် မင်းက ဘာကို ကြောက်နေတာလဲ၊ တိတိကျကျ ပြောကြည့်ပါလား"

ဂျီဗင်းက ဆေးပြင်းလိပ်ကို ကောက်ကိုင်၍ ညှိုးငယ်စွာ ကြည့်ရင်း-

"ပြောရခက်လိုက်တာ သူငယ်ချင်းရာ။ သေချာတာ တစ်ခုကတော့ မဒလင်းဟာ အရင်နဲ့ မတူတော့ဘူး။ ပြီးတော့ တစ်ခါတလေ ငါ့စိတ်ထဲ..."

"ဘာဖြစ်လဲ"

"ငါနဲ့ ရှိနေတာ မဒလင်း မဟုတ်ဘူးလို့ ခံစားရတယ်"

ဖလာ့ဗိရဲက မသက်မသာ ရယ်၍ ခုံမှ ထလိုက်ပြီး -

"တော်စမ်းပါကွာ၊ အဲဒါ မင်းမိန်းမ မဟုတ်ရင် ဘယ်သူဖြစ်ရမှာလဲ။ ပေါ်လင်းလာဂျလက်လား။ မင်းတော့ အတွေးချော်နေပြီ၊ တစ်ခွက်လောက် ချလိုက်"

"ပေ့ါတ်* တစ်ခွက်ပေး"

* ပေ့ါတ် – port ဟု ခေါ်သော ပေါ်တူဂီဝိုင်တစ်မျိုး

mgyoe.com

ထမင်းစားခန်းထဲ လင်ဗန်းနှင့် ဖန်ခွက်ဝင်ယူသော ဖလော့ဗီရဲအား ဂျီဗင်းက နောက်ကနေ –

"မင်းကော ဘယ်လိုလဲ၊ အိမ်ထောင်ကျပြီလားတောင် မမေးလိုက်ရဘူး"

ဖလော့ဗီရဲက စိတ်မပါသော လေသံဖြင့် –

"မကျသေးဘူး၊ ယူချင်စိတ်လဲ မရှိပါဘူး"

"မင်းလဲ ရဲဘက်က ထွက်လိုက်တယ်ဆို"

ထမင်းစားခန်းမှာ အသံတိတ်သွား၏။

"ငါ လာကူရဦးမလား"

ဂျီဗင်းက ထိုင်ရာမှ ထ၍ အခန်းကူးသွားသည်။ ဖလော့ဗီရဲက ပိုင်ပုလင်းတစ်လုံး ဖောက်နေ၏။

ဂျီဗင်းက တံခါးရွက်ကို မှီ၍ –

"မင်းအိမ်က နေလို့ ကောင်းသားပဲ။ ငါ့ပြဿနာတွေ လာပြောပြမိလို့ ဆောရီးကွာ။ မင်းနဲ့ ပြန်တွေ့ရတာ တအား ဝမ်းသာတယ်။ မလာခင် ဖုန်းကြိုဆက်မလို့ပဲ၊ ဒီရက်ပိုင်းထဲ အလုပ်ရှုပ်နေတာနဲ့"

ဖလော့ဗီရဲက ကိုယ်ကို မတ်၍ ပိုင်အဆို့ကို စက္ကူနှင့် အသာအယာ နုတ်လိုက်၏။ အနေခက်စရာ မလိုတော့။

ဖလော့ဗီရဲက ဖန်ခွက်နှစ်လုံးထဲ ပိုင်ငှဲ့ရင်း –

"အခု မင်း သဘော်ာတွေ ဆောက်နေတယ်လို့ ပြောတယ်နော်"

"ဆောက်တာတော့ သေးသေးပါပဲ၊ စာချုပ်တော့ အကြီးကြီး ချုပ်ရတာပေါ့။ ဝန်ကြီးဌာနက ဒီစီမံကိန်းကို ကိုင်တွယ်ရခက်မယ် ထင်ကြတာ"

"ထင်မှာပဲလေ။ ဒီစစ်ပွဲအတုကြီးနဲ့တော့ ဘာမှ ဆက်လုပ်လို့ရမှာ မဟုတ်ဘူး။ မေလလောက် ပြန်တွေ့ကြမယ်လေ။ ကဲ... ကံကောင်းပါစေ ဂျီဗင်းရေ"

"အားလုံးအဆင်ပြေပါစေ ဖလော့ဗီရဲရေ"

သူတို့သည် အကြည့်ချင်းဆုံ၍ ခွက်ချင်း တိုက်လိုက်ကြ၏။ မတ်တတ်ရပ်နေသော ဂျီဗင်းသည် ပြတင်းပေါက်မှ ထိုးကျနေသော အလင်းရောင်တွင် နားရွက်ထူထူ၊ နဖူးပြောင်ပြောင်၊ ပုပုကားကားနှင့် ရောမလူမျိုးတစ်ယောက်၏ ပုံပန်းသဏ္ဌာန် အပြည့်အဝ ပေါ်လွင်နေသည်။ သူ့မှာ အထင်ကြီးစရာ တစ်ကွက်မှ

mgyoe.com

mgyoe.com SAMPLE BOOK

မရှိ၊ ပြင်သစ်သွေးလေး နည်းနည်းရော၍ ရောမဘုရင်ခံရုပ် ပေါက်သွားသော ကြောင့် သည်လိုလုပ်စားလို့ ရနေခြင်းဖြစ်သည်။ ဤစစ်ပွဲကြောင့် သကောင့်သား က မီလျံနာ ဖြစ်ဦးမည်။ ဖလော့ဗီရဲသည် ကိုယ့်အတွေး ကိုယ် ရှက်၍ ခေါင်းထဲက ထုတ်ပစ်လိုက်၏။

သူ့နေရာမှာ တခြားသူမရှိ၍ နေရာရနေခြင်းလား။ ဆေးမအောင်တာ အမှန်ဆိုလျှင် သည်ယုန်မြင်၍ သည်ချုံထွင်ခြင်းကော မဖြစ်နိုင်ဘူးလား။

ဖလော့ဗီရဲက ခွက်ကို ဗန်းပေါ် ပြန်တင်လိုက်ပြီး –

"မင်းကိစ္စကို ငါတော့ သိပ်ဘဝင်မကျဘူး။ မင်းမိန်းမ စိုးရိမ်ရလောက်တဲ့ လူတွေဘာတွေများ အရင်က ရှိသလား "

"သူ့ဆွေမျိုးထဲတော့ မရှိပါဘူး။ သူက ဘယ်သူ့မှလဲ သိပ်ဂရုစိုက်တာ မဟုတ်ဘူး"

"သူနဲ့က ဘယ်လိုတွေ့ကြတာတုံး"

"မတော်တဆပါပဲ။ အတော်တော့ စိတ်ကူးယဉ်ဆန်တယ်"

ဂျီဗင်းက သူ့ခွက်သူ သေချာကြည့်ရင်း ပြောရမည့် စကားကို ချိန်ဆနေသည်။ နှုတ်ဖြေစာမေးပွဲ ကျမှာကြောက်နေသည့် ကျောင်းသားလေး တစ်ယောက် လို လုပ်နေသော ဂျီဗင်းပုံစံက ရယ်စရာကောင်း၏။

"သူနဲ့ ရောမမှာ တွေ့တာ။ ငါက အဲဒီမှာ အလုပ်လုပ်နေတာ။ သူနဲ့ တစ်ဟိုတယ်တည်း တည်းမိတာပေါ့"

"ဘယ်ဟိုတယ်လဲ"

"ကွန်တီနတယ်"

"သူကကော ရောမကို ဘာလာလုပ်တာလဲ"

"ပန်းချီ လာသင်တာလေ။ သူက တကယ်ပါရမီ ရှိတယ်၊ သူများတွေလဲ အဲဒီလို ပြောကြတယ်။ ငါကတော့ အဲဒီလိုဟာတွေ သိပ်မဝေဖန်တတ်ဘူး"

"သူက ပန်းချီဆရာမ လုပ်ချင်လို့ လာသင်တာလား"

"ဘယ်ကမလဲ၊ သူက ပန်းချီဆွဲတာ သိပ်ဝါသနာပါတာပါဆို၊ ပန်းချီ ဆွဲစားဖို့တော့ တစ်ခါမှ မစဉ်းစားဘူး။ အသက် ဆယ့်ရှစ်နှစ်ကတည်းက ကိုယ်ပိုင်ကား စီးနေတဲ့ဟာ။ သူ့အဖေက အကြီးစားစက်မှုလုပ်ငန်းရှင်လေ"

ဂျီဗင်းက ရုံးခန်းဆီ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း သူ့ အထင်

မှန်ကန်ကြောင်း သက်သေပြ၏။ သူ့ခြေလှမ်း တုံ့သွားသည်နှင့် စကားလည်း ထစ်သွားတတ်သည်။ သူ ပြောင်းလဲသွားခြင်းက သူ့မိန်းမ၏ ငွေတွေကြောင့်ပဲ ဖြစ်မည်။

"သူ အခုထိ ပန်းချီဆွဲတုန်းလား"

"ဟင့်အင်း၊ ခုနောက်ပိုင်း ပန်းချီဆွဲတာ ကျဲကျဲလာတယ်။ အချိန်မရတော့လို့လား မသိဘူး။ ပါရီသူ ဆန်လာတာလေ"

"ဒါပေမဲ့ မင်းပြောတဲ့ ပြဿနာတွေမှာ အကြောင်းရင်း တစ်ခုတော့ ရှိရမယ်။ ဒီလိုစဖြစ်လာတဲ့ အဖြစ်အပျက်တစ်ခုခုများ မင်းစဉ်းစားလို့ မရဘူးလား။ ဥပမာ– စကားများကြတာ၊ အမင်္ဂလာသတင်းတွေ ဘာတွေ ကြားရတာ... အဲဒီလိုမျိုး တစ်ခုခုတော့ စဉ်းစားကြည့်မိရမယ်"

"မစဉ်းစားဘဲ နေမလား၊ စဉ်းစားရလွန်းလို့ ဦးနှောက်ပါ ခြောက်တယ်။ လဲဟားကို သုံးလေးရက် သွားထားတာလဲ မေ့မထားနဲ့ဦး"

"အဲဒီလိုဆို အဲဒီ...၊ မင်းပြောတဲ့ အဲဒီ အတိုက်အခိုက်တွေက မင်း အဝေးရောက်နေရင်ကော ဘာမှ မဖြစ်ဘူးလား"

"မဖြစ်ဘဲ နေမယ်လို့တော့ မထင်ဘူး။ ပထမဆုံး အခေါက်က ငါ ပြန်ရောက်ရောက်ချင်း ဖြစ်တာ။ အဲဒီနေ့က စနေနေ့၊ တစ်နေကုန် အကောင်းပဲ။ ညကျတော့မှ သူ တစ်မျိုးဖြစ်နေပါတယ်လို့ ထင်တာ။ အထူးသဖြင့် ငါက တစ်ပတ်လုံး ပင်ပန်းထားတော့ ပုံမှန်ဆို အဲဒီလိုအချိန်မျိုးမှာ ငါလဲ သတိမထားမိပါဘူး"

"အဲဒီမတိုင်ခင်ကကော"

"သူ့မှာလဲ စိတ်ညစ်စရာ နည်းနည်းပါးပါး ရှိချင်ရှိမှာပေါ့။ ဒါပေမဲ့ တခြားသူတွေထက်တော့ ပိုမဆိုးပါဘူး"

"အဲဒီ စနေနေ့က ပုံမှန်မဟုတ်တာ ဘာမှ မဖြစ်ခဲ့ဘူး ဆိုတာ မင်းသေချာလား"

"သိပ်သေချာတာပေါ့။ ငါတို့နှစ်ယောက် တစ်ချိန်လုံး အတူတူ ရှိနေတာပဲဟာ။ မနက်ဆယ်နာရီလောက် ငါ အိမ်ပြန်ရောက်တော့ မဒလင်းက အိပ်ရာထခါစ။ ခဏလောက် စကားပြောပြီးတော့...၊ ဒီမယ် တစ်နေကုန် ဘာလုပ်တယ်၊ ဘာကိုင်တယ်တော့ ငါလဲ အသေးစိတ် မမှတ်မိဘူးနော်။ မှတ်မိစရာလဲ ဘာအကြောင်းမှ မရှိဘဲ။ အိမ်မှာ နေ့လယ်စာ စားတာတော့ မှတ်မိတယ်"

mgyoe.com

mgyoe.com


"မင်းက ဘယ်မှာ နေတာလဲ"

ဂျီဗင်းက အံ့အားသင့်သွားပြီးမှ ပြုံးလိုက်သည်။

"ဟုတ်သားပဲ၊ ငါတို့တွေ အဆက်အသွယ် ပြတ်နေတာ မေ့သွားတယ်ကွာ။ ငါ ကလေးဘဲရ်ရိပ်သာလမ်းပေါ်မှာ တိုက်အိမ်တစ်လုံး ဝယ်ထားတာ။ အေတွားလ်နဲ့ နီးနီးလေးပဲ။ အဲဒီမှာ နေတာ။ ရော့... ငါ့ကတ် မင်းယူထားလိုက်တာ ပိုကောင်းမယ်"

"ကျေးဇူးပဲ"

"ညနေကျ အပြင်ထွက်တယ်။ ဝန်ကြီးများရုံးမှာ ငါ ခဏဆင်းတယ်။ သူလဲ တစ်ယောက်တည်း အကြာကြီး မနေလိုက်ရပါဘူး။ ဓာတ်ရှိနား ဟိုဟိုဒီဒီ လျှောက်သွားတာပဲ။ တခြားရက်တွေနဲ့ ဘာမှ မထူးပါဘူး"

"အဲဒီတော့ အတိုက်အခိုက်က..."

"ညစာစားပြီးမှ ဖြစ်တာ"

"နေ့စွဲကို တိတိကျကျ ပြောပြလို့ ရမလား"

"မင်း အတည်ပြောနေတာလား၊ ငါ ဘယ်လိုလုပ် သိမတုံးဟ"

သို့သော် ဂျီဗင်းက ရှေ့နေစားပွဲခုံပေါ်က ပြက္ခဒိန်ကို သွားကြည့်၍ –

"ဖေဖော်ဝါရီမှာ ဖြစ်တာတော့ မှတ်မိတယ်။ လကုန်ခါနီးပဲ။ ၂၆ ရက်က စနေနေ့ဆိုတော့ ၂၆ ရက်နေ့ဖြစ်မှာ သေချာတယ်"

ဖလာ့ဗီရဲက ဂျီဗင်း အနီးရှိ နောက်မှီထိုင်ခုံကြီး တစ်လုံး၏ လက်တန်းပေါ် ထိုင်လိုက်ပြီး –

"ငါ့ဆီကို မင်း ဘာစိတ်ကူးနဲ့ ရောက်လာရတာတုံး"

ဂျီဗင်းက သူ့လက်သူ ညှစ်နေပြန်၏။ ယင်းမှာ ဟိုးအရင်ကတည်းက သူ့အကျင့်ဖြစ်သည်။ တခြားအကျင့်တွေ အများကြီး ရှိသေးသော်လည်း ဤတစ်ခုသာ သူ့မှာ ကျန်ရစ်ခဲ့၏။ အားကိုးစရာ မရှိရာသည့်အခါ ကိုယ့်အား ကိုယ်ကိုးဖို့ အားတင်းနည်း တစ်မျိုးပင်။

ဂျီဗင်းက –

"မင်းကို ငါ့သူငယ်ချင်း အရင်းခေါက်ခေါက်တွေထဲက တစ်ယောက်လို့ အမြဲတွေးထားတယ်။ ပြီးတော့ မင်းက စိတ်ပညာကို အင်မတန် စိတ်ဝင်စားတာ သွားသတိရတယ်။ ဆိုတော့ ငါ့ကိစ္စကို ရဲသွားတိုင်မယ်လို့တော့ မင်း မထင်လောက်ပါဘူးနော်" ဟု ခပ်တိုးတိုး ရေရွတ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဖလာ့ဗီရဲ တစ်ချက်မဲ့လိုက်တာ ဂျီဗင်း သတိထားမိသည်။

ဂျီဗင်းက ဆက်၍ –

"မင်းလဲ ရဲတပ်ဖွဲ့ထဲက ထွက်လိုက်တယ်ဆိုတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းနဲ့ လာတိုင်ပင်လို့ ရမယ်ထင်လို့"

ဖလာ့ဗီရဲက ထိုင်ခုံသားရေဖုံးကို ပွတ်ရင်း –

"ဟုတ်တယ်၊ ငါ ရဲထဲက ထွက်လိုက်တယ်..." ဟု ဆိုကာ စူးခနဲ မော့ကြည့်၍ –

"ဘာကြောင့်လဲ သိလား"

"ဟင့်အင်း၊ ဒါပေမဲ့..."

"အနေးနဲ့ အမြန် မင်း သိသွားမှာပါ။ ဒါမျိုးတွေက တစ်သက်လုံး သတင်းအမှောင်ချထားလို့မှ မရတာ..."

ဖလာ့ဗီရဲက ကိုယ့်ကိုယ်ကိုယ် ထိန်းသည့်အနေဖြင့် ပြုံးပြုံးလေး ပြောချင်သော်ငြား မကျေမချမ်း လေသံကို ဖုံးဖိမရချေ။

"...ငါ အလုပ်ပြုတ်သွားတာ။ နောက်တစ်ခွက် သောက်ဦးမလား"

"ဟင့်အင်း၊ ကျေးဇူးပဲ"

"ဖြစ်ပုံက လူကြားလို့လဲ မကောင်းပါဘူး။ ငါက စုံထောက်ကွာ။ ဘွဲ့ရထားလဲ ရဲတပ်ဖွဲ့ထဲမှာတော့ စက်ရုံထဲ လိုက်ပေ့ာဆို လိုက်ရတာပဲ။ ဒီအလုပ်ကို ငါက လုံးဝ လုပ်ချင်တာ မဟုတ်ဘူး။ အဖေက အတင်းဝင်ခိုင်းလို့သာ။ သူက တိုင်းမှူး။ သူ့အတွက်တော့ ဒီအလုပ်သာ သူ့ရဲ့ တစ်ခုတည်းသော အသက်မွေးဝမ်းကျောင်း အလုပ်လေ။ ငါ ငြင်းလိုက်ရမှာ။ ကောင်လေး တစ်ယောက်ကို လိုက်ဖမ်းမိတာ မှားတာပဲ။ အခုတော့ ဘာမှ အဖတ်ဆယ်လို့ မရတော့ဘူး။ အဓိကအကြောင်းရင်းကို ပြောရရင်တော့ ချာတိတ်တစ်ယောက်ကို ငါ လိုက်ဖမ်းရတယ်။ သူက အန္တရာယ်အရမ်းရှိတဲ့ သူလဲ မဟုတ်ပါဘူး။ သူ့စိတ်ထဲ ခေါင်းမိုးပေါ် တက်ပြေးရင် လွတ်မယ်လို့ တွေးမှာပေါ့။ ငါနဲ့အတူ လာရစ်ချ်လို့ ခေါ်တဲ့ လူတစ်ယောက်လဲ ပါတယ်။ သူလဲ ကြံ့ဖူးသမျှတွေထဲ သဘောကောင်းတဲ့ လူတစ်ယောက်ပါပဲ"

ဖလာ့ဗီရဲက ခွက်ကို ကုန်အောင် သောက်လိုက်သည်။ မျက်ရည်များကြောင့် သူ့မျက်လုံးတွေ ပူလာ၏။ ချောင်းတစ်ချက် ဆိုးပြီး ပခုံးတစ်ချက် တွန့်၍ ဟန်မပျက်အောင် ဣန္ဒြေပြန်ဆည်လိုက်သည်။

mgyoe.com  SAMPLE BOOK 

ဖလာ့ဗီရဲက –

"သိလား၊ ဒီဇာတ်ကြောင်းပြောရင် ကိုယ့်ပေါင်ကိုယ် လှန်ထောင်းရသလိုပဲ" ဟု ရယ်ပွဲဖွဲ့လိုက်၏။

"ခေါင်းမိုးက ဆင်ခြေလျှောကြီး။ ဟိုးအောက်ဘက် လမ်းပေါ်က ကားသံတွေကိုတောင် ကြားရတယ်။ ချာတိတ်က မီးခိုးခေါင်းတိုင်နောက်မှာ ရှိတယ်။ လက်နက်မပါဘူး။ သူ့ကို ကုပ်ကနေ ဆွဲခေါ်လာရုံပဲ။ ဒါပေမဲ့ ငါ မလုပ်နိုင်ခဲ့ဘူး"

ဂျီဗင်းက –

"ငါ သိပြီ၊ မင်းက အမြင့်ကို မတက်ရဲဘူးကိုး"

"လာရစ်ချ်က ငါ့နေရာဝင်ရင်း ခြေချော်ပြီး ပြုတ်ကျသွားတယ်"

"ဟာ"

ဂျီဗင်းက ကော်ဇောဆီ မသိမသာ အကြည့်လွှဲလိုက်သည်။ ဖလာ့ဗီရဲက ဂျီဗင်း၏ မျက်နှာကို ကြည့်ပြောနေသော်လည်း သူ့မှာ အကဲခတ်နိုင်စွမ်း မရှိ။

"မင်း အဲဒီလို သိထားလိုက်တာ အကောင်းဆုံးပဲ"

ဂျီဗင်းက –

"ဘယ်သူပဲဖြစ်ဖြစ် မူးမိုက်သွားမှာပဲလေ"

"ငါ သိတာပေါ့"

ဖလာ့ဗီရဲ ပြန်ဖြေသံက ဝေါက်ငမ်းသံလိုလို။

ခဏလောက် ဘာစကားမျှ မပြောဖြစ်ကြ။ ပြီးမှ ဂျီဗင်းက ယောင်နနနှင့် လက်ထထောင်၍ –

"ကံဆိုးတာတော့ ဆိုးတာပေါ့လေ။ ဒါပေမဲ့ မင်းမိတ်ဆွေ ခြေချော်ကျတာ မင်းမှာ တာဝန် မရှိပါဘူး"

ဖလာ့ဗီရဲက စီးကရက်ဘူးကို ဖွင့်သည်။

"တစ်လိပ်လောက် သောက်ပါဦး ငါ့ကောင်ကြီးရ"

သည်ဇာတ်လမ်းကို ပြောပြတိုင်း သူ့အား အံ့သြသလိုလို၊ မယုံသလိုလို ဖြစ်ကြသည်ဟု အမြဲခံစားရ၏။ ဘယ်သူမှ အလေးအနက် မထားကြ။ သူတို့ မကြားဖူးသော တစ်စတစ်စ တိုးဖျော့သွားသည့် လာရစ်ချ်၏ စူးစူးဝါးဝါး အော်ဟစ်သံကို သူ ဘယ်လိုလုပ်ပြရမလဲ။ ဂျီဗင်း၏ ဇနီးသည်လည်း လျှို့ဝှက်ချက်က တစ်စတစ်စ ဝါးမှိုလာသောကြောင့် အလွန်အမင်း စိတ်ဖိစီးနေတာ ဖြစ်မည်။

mgyoe.com

SAMPLE BOOK

သို့သော် မဒလင်း၏ လျှို့ဝှက်ချက်က သူ့လောက် ကြောက်ဖို့ ကောင်းပါ့မလား။ သည်လိုအော်သံကြောင့် အိပ်မက်ထဲက လန့်နိုးဖူးသလား။ မဒလင်းကော ကိုယ့်ကိုယ်စား တခြားသူကို သေခိုင်းဖူးပါသလား။ ဤအတွေးယဉ်ကြောကို ဂျီဗင်းက ကြားဖြတ်လိုက်သည်။

"ငါ မင်းကို အားကိုးလို့ ရမလား"

"ငါက ဘာလုပ်ပေးရမှာလဲ"

"သူ့ကို စောင့်ကြည့်ပေး။ ဒီထက်စာရင် မင်းအမြင်ကို ငါ သိချင်တယ်။ မင်းနဲ့ စကားပြောရတာ ကောင်းလိုက်တာ။ ငါ့ကို ကူညီမယ် မဟုတ်လား"

"မင်းအတွက် အထောက်အကူပြုတယ်ဆို ကူညီမှာပါ"

"မင်း မသိသေးပါဘူး။ ဒီညနေ အားလား"

"ဟင့်အင်း"

"ကောင်းရော၊ အိမ်ကို ထမင်းစားဖိတ်မလို့။ ဒါဆို နောက်ရက်ပေါ့"

"ဟင့်အင်း... သူ ငါ့ကို မသိတာ ပိုကောင်းတယ်။ အဲဒါ ပိုလွယ်လိမ့်မယ်"

"မင်းပြောတာ မှန်လောက်တယ်။ ဒါပေမဲ့ မင်းကို သူ့ပုံစံ ပြတော့ ပြရမှာပေါ့"

"ပြဇာတ် အတူသွားကြည့်ကြလေ။ သူလဲ သတိမထားမိ၊ ငါလဲ ကောင်းကောင်းလေ့လာလို့ ရတယ်"

"အဲဒီအကြံ ကောင်းတယ်။ မနက်ဖြန် မဟီညီကဇာတ်ရုံကို သွားလိုက်မယ်။ သီးသန့်နေရာ ယူထားတာ ရှိတယ်"

"ဟုတ်ပြီ၊ ငါ အဲဒီမှာ ရှိမယ်"

ဂျီဗင်းက ဖလာ့ဗီရဲလက်နှစ်ဖက်ကို ဆွဲ၍ –

"ကျေးဇူးတင်လိုက်တာ သူငယ်ချင်းရာ၊ ငါ မင်းဆီ လာတာ မှန်သွားပြီ။ အတွေ့အကြုံက စကားပြောတယ် ဆိုတာ အဲဒါပဲ။ ပြဇာတ်သွားကြည့်ဖို့ ငါ မစဉ်းစားမိဘူး"

ဂျီဗင်းက တွန့်ဆုတ်တွန့်ဆုတ်နှင့် အိတ်ကပ်ထဲ လက်နှင့် စမ်း၍–

"စိတ်တော့ မဆိုးနဲ့နော်။ တစ်လက်စတည်း ရပိုင်ခွင့်အတွက် ဆက်ဆွေးနွေးကြရအောင်လား။ မင်းကျေးဇူးတွေ ငါ့အပေါ် များနေပြီ"

ဖလာ့ဗီရဲက –

mgyoe.com

mgyoe.com

SAMPLE BOOK


"ဩော်... လောလောဆယ် အဲဒါကို စိတ်ထဲ မထည့်ပါနဲ့ဦး"

"အကုန်လုံး အတူတူ..."

ဖလာ့ဇီရဲက ဂျီဗင်း၏ ကျောကို ပုတ်၍ -

"ငါ စိတ်ဝင်စားလို့ လက်ခံတာ၊ ပိုက်ဆံကြောင့် မဟုတ်ဘူး။ မင်း မိန်းမနဲ့ ငါနဲ့မှာ တူတာ တစ်ခုခုတော့ ရှိနေတယ်လို့ ထင်တယ်၊ ပြီးတော့ သူ ဖုံးကွယ်ထားတာကို ရှာတွေ့ဖို့ အခွင့်အရေးလဲ ရချင်ရမယ်"

"သူ့မှာ ဖုံးကွယ်ထားစရာ ဘာမှ မရှိဘူးလို့ ငါ အာမခံပါတယ်"

"နောက်တော့ သိမှာပေါ့"

ဂျီဗင်းက မီးခိုးရောင်သက္ကလတ်ဦးထုပ်နှင့်လက်အိတ်ကိုကောက်ကိုင်ပြီး-

"အလုပ်အကိုင်ကော အဆင်ပြေရဲ့လား"

"ဒီလိုပါပဲ"

"ဒီမယ်၊ မင်းဘက်က ဖြစ်ချင်တာသာ ပြော။ ဘယ်နည်းနဲ့မဆို ငါ ဖြစ်အောင် လုပ်ပေးမယ်။ ငါ့ဘက်က ဝမ်းပန်းတသာ ကူညီဖို့ အသင့်ပဲ။ အထူးသဖြင့် ဒီစစ်ပွဲမှာ ဩဇာညောင်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ အဆက်အသွယ် ရှိတယ်"

ဖလာ့ဇီရဲက 'အမြတ်ကြီးစားပေါ့' ဟု တွေးလိုက်မိရာ မထင်မှတ်ဘဲ ဖျတ်ခနဲ စိတ်ထဲ ဝင်လာသော ထိုစကားလုံးကြောင့် ဂျီဗင်းနှင့် မျက်လုံးချင်း မဆုံအောင် အကြည့်လွှဲလိုက်၏။

"လေ့ကားထစ်က ပြန်ဆင်းရမှာတော့ အားနာသကွာ။ ဓာတ်လှေကားက အလုပ်မလုပ်ဘူး"

လှေကားထိပ်သို့ ရောက်လျှင် ဂျီဗင်းက ဖလာ့ဇီရဲနား ကပ်၍ တိုးတိုးတိတ်တိတ် ဤသို့မှာသည်။

"မင်းဘာသာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စီမံပါ။ မင်းကို လွတ်လွတ်လပ်လပ် လှုပ်ရှားခွင့် ပေးပါတယ်။ ပြောစရာ တစ်ခုခုရှိရင် ငါ့ရုံးကို ဖုန်းဆက်လိုက်။ အခုချိန်ထိတော့ လာတွေ့တာ ပိုကောင်းမယ်။ ပါရီရုံးက ဖစ်ဂျရိုဘေးက အဆောက်အဦထဲမှာ ရှိတယ်။ ဒီကိစ္စကို မဒလင်းသာ လုံးဝ မသိပါစေနဲ့လို့ တောင်းဆိုချင်တယ်။ သူ့သံသယဝင်သွားလို့မဖြစ်ဘူး။ သူ့ကိုစောင့်ကြည့်နေတယ်လို့ ထင်သွားရင် အကျိုးဆက်က ဘာဖြစ်လာမလဲ ငါလဲ မပြောတတ်ဘူး"

"စိတ်ချပါ"

mgyoe.com

mgyoe.com SAMPLE BOOK


"ကျေးဇူးပဲကွာ"

ဂျီဖင်းက လှေကားအတိုင်း ဆင်းသွားသည်။ သူ့ကို နှစ်ကြိမ်တိတိ ရင်းရင်းနှီးနှီး လက်ပြနှုတ်ဆက်သွား၏။ ဖလော့ဗီရဲသည် သူ့ရုံးခန်းထဲ ပြန်ဝင်လာပြီး ပြတင်းပေါက်မှ ကုန်း၍ အပြင်ကို ကြည့်လိုက်ရာ လမ်းမဘက်သို့ လျှောခနဲ ငြိမ့်ညောင်းစွာ မောင်းထွက်သွားသော ကားအနက်ကြီး တစ်စီးကို မြင်ရသည်။

'မဒလင်း' တဲ့။ နာမည်ကိုတော့ သဘောကျသည်။ သိမ်သိမ်မွေ့မွေ့၊ ဆွဲဆွဲငင်ငင် ရှိသည်။ ပုပုတိုတို သည်လူဝကြီးနှင့် လက်ထပ်ဖို့ ဘယ်လိုများ စဉ်းစားလိုက်ပါလိမ့်။ မဒလင်း၏ စိတ်ရင်းမဟုတ်ဘဲ ပြင်ပ ပယောဂကြောင့်သာ သူ့ကို ယူခဲ့တာ ဖြစ်မည်။ သည်အတွက် အခု သူ့ကို ဟိုက ရည်ရွယ်ချက်ရှိရှိ လှည့်စားနေပြီး ဂျီဖင်းကလည်း ကိုယ့်ထိုက်နှင့်ကိုယ့်ကံ ခံသာခံဟု ယူဆထားပုံရသည်။ ဂျီဖင်းသည် သူ၏ မသန့်ရှင်းသော စည်းစိမ်ဥစ္စာ၊ သူ့ဆေးပြင်းလိပ်၊ သူ့ကန်ထရိုက်စာချုပ်... အစစအရာရာတို့ကြောင့် ဇနီးသည်၏ အရှုံးလုပ်ခြင်းကို ခံထိုက်၏။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု လွန်ကဲသူများကို ဖလော့ဗီရဲ မကြိုက်။ အနည်းဆုံးတော့ ဂျီဖင်းသည် အပြင်ပန်းမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အလွန်ရှိ၏။ သည်လို အရည်အချင်းမျိုး သူလည်း ပိုင်ဆိုင်ချင်လှသည်။

ဖလော့ဗီရဲက စိတ်တိုတိုနှင့် ပြတင်းပေါက်ကို ပိတ်လိုက်သည်။ ထို့နောက် မိုက်ဆာလာအောင် ကြိုးစားသည့်အနေဖြင့် မီးဖိုချောင်ထဲ လတ်လျား လတ်လျား လုပ်နေလိုက်၏။ အလုံးစုံခြုံကြည့်လျှင် စစ်ပွဲက သိပ်ကြာမှာ မဟုတ်။ ကြိုတင်ကာကွယ်သည့်အနေဖြင့် စုဆောင်းထားသော ဗီရိုထဲက သံဘူးတွေကို ကြည့်ပြီး တယ်ဟုတ်ပါလားဟု စဉ်းစားမိသည်။ အစားအစာ အမြောက်အမြားကို ကြည့်ပြီး ဆာဖို့ ဝေးစွ၊ ပျို့ချင်သလို ဖြစ်လာ၏။ နောက်ဆုံး ဘီစကွတ်နှင့် ဝိုင်လက်ကျန် ပုလင်းကို ယူလိုက်သည်။ မီးဖိုချောင်ကို ထိုင်ကြည့်ရင်း အကြည့်ရဆိုးလိုက်လေခြင်းဟု တွေးပြီးနောက် မုန့်တွေသာ ဂျိုးဂျိုးဂွျတ်ဂွျတ် ဝါး၍ ရုံးခန်းထဲ ပြန်ဝင်လိုက်သည်။ သွားရင်းလာရင်း ရေဒီယိုကို ဖွင့်ခဲ့လိုက်၏။ ကင်းလှည့် လှုပ်ရှားမှုနှင့် ရိုင်းမြစ်တစ်ဝိုက်မှာ အမြောက်တပ်တွေ ပစ်ခတ်နေကြောင်း သတင်းကြေညာသူက အသက်ပါပါ ပြောတော့မှာ သူ ကြိုသိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ပြီးနောက် ဝိုင်ဖြူ ထိုင်သောက်နေလိုက်သည်။ ရဲသားတစ်ယောက်၏ တာဝန်ကို သူ မကျေပွန်ခဲ့။ သည်လိုတာဝန်မျိုး သူ မထမ်းဆောင်နိုင်။ သူ ထမ်းဆောင်နိုင်တာ ဘာရှိသလဲ။ အံဆွဲကို ဖွင့်၍ အစိမ်းရောင်ဖိုင်တွဲ တစ်ခုကို ထုတ်သည်။ ညာဘက်ထိပ်ထောင့်မှာ ပေါလ်ဒွေါစီရာဂျီဗင်းဟု ရေးသည်။ ပြီးလျှင် ဖိုင်တွဲထဲ စာရွက်အလွတ်တွေ ညှပ်ထည့်ပြီး မျက်လုံးသေများဖြင့် ထိုင်ကြည့်နေလေ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အခန်း (၂)

"တော်တော်တော့ ကြောင်မှာပဲ"

ဖလော့ဗီရဲက သူ့ဟာသူ ရေရွတ်သည်။ သူသည် မဒလင်း မျက်နှာကို မျက်လုံးချင်းဆုံ၍ မကြည့်ရဲသဖြင့် ပြဇာတ်ကြည့် ပုလဲမှန်ပြောင်း တစ်လက်နှင့် ဂနာမငြိမ် ဖြစ်နေ၏။ တခြားသူများနှင့် ကွဲထွက်မနေအောင် ကြိုးစားထိုင်ရင်း သူ့ဟာသူ ကြောင်တက်တက်ကြီး ဖြစ်နေသည်။ သူ့ဘေးပတ်လည်မှာ ယူနီဖောင်း ဝတ်အရာရှိတွေ အများကြီး ရှိသည်။ ၄င်းတို့နှင့် ပါလာသော အမျိုးသမီးများက သူတို့ဟာသူတို့ ကျေနပ်ဂုဏ်ယူနေကြဟန် ရှိသည်။ သူတို့ကို ဖလော့ဗီရဲ မုန်းသည်။ စစ်တပ်ကို မုန်းသည်။ လောလောဆယ် စစ်နှင့် ပတ်သက်သမျှ အရာ အားလုံးကို မုန်းတီးနေကြောင်း သူ့ဟာသူ တွေးမိ၏။ စစ်ဘက်ဆိုင်ရာ အသွင် အပြင်မျိုး တစ်ခါတည်း တန်းရအောင် ပေါ့တီးပေါ့ပြက်နှင့် အလွန်အကျွံ တန်ဆာ ဆင်ထားသော ပြဇာတ်ရုံကိုလည်း မုန်းသည်။ သူ့အနေဖြင့် သီးသန့်ခုံ လက်တန်း ပေါ် လက်သီးဆုပ်တင်၍ ထိုင်နေသော ဂျီပင်းကို မြင်ရဖို့ ခေါင်းငဲ့၍ လှည့်ကြည့်ရုံ သာ ရှိ၏။

မဒလင်းက ခုံကို နောက်မှီ၍ ထိုင်နေသည်။ သူမသည် ပိန်ပိန်ပါးပါး ဖြစ်ဟန် တူ၏။ မှောင်နေ၍ သူမ၏ ပုံပန်းသဏ္ဍာန်ကို သေချာမမြင်ရသော်ငြား

mgyoe.com

mgyoe.com  SAMPLE BOOK 

နုနုနယ်နယ်နှင့် အသည်းငယ်တတ်သော မိန်းမလှဖြစ်မှန်း အလိုလို သိနေသည်။ မျက်နှာနှင့် မလိုက်အောင် ထူထဲလှသော ဆံပင်ပုံကြောင့်လည်း ဖြစ်မည်။ သည်လောက် ကြော့ရှင်းလှပ၊ ကျက်သရေရှိလှသော ဇနီးမယားတစ်ယောက်ကို ဂျီဗင်းလိုလူက အရယူဖို့ဘယ်လိုမှ မဖြစ်နိုင်။ သူ့ခမျာ ဒင်းကိုလင်တော်ဖို့ ဘယ်နည်းနှင့်မျှ စိတ်ကူးခဲ့မိမှာ မဟုတ်။

ကန့်လန့်ကာဖွင့်၍ စတင်ကပြသော ပြဇာတ်က ဖလာ့ဗီရဲ အတွက် စိတ်ဝင်စားဖို့ မကောင်းချေ။ သို့နှင့် မျက်စိမှိတ်၍ အခန်းခသက်သာအောင် ဂျီဗင်း နှင့် သူ တစ်ခန်းတည်း စပ်တူနေခဲ့ကြချိန်ကို ပြန်စဉ်းစားကြည့်သည်။ သူတို့သည် တစ်ယောက်ကို တစ်ယောက် ပြန်အားနာနေကြသည်။ ကျောင်းသူတွေက သူတို့ကို စသလိုနောက်သလိုနှင့် လှောင်တတ်၏။ သူတို့နှစ်ယောက်လုံး ရည်းစားထားဖို့ သတ္တိမရှိကြ။ တခြားသူတွေက ကိုယ်ကြိုက်သည့် မိန်းကလေးများကို အရယူနိုင်စွမ်း ရှိပုံရသည်။ သူတို့ထဲမှာ မာကိုဟု ခေါ်သော ပျို့တိုင်းကြိုက်သည့် နှင်းဆီခိုင်တစ်ယောက်ရှိ၏။ မာကိုသည် သူများထက် ထူး၍ ချောမောခြင်း မရှိသလို စာလည်း တော်မနေ။

ဖလာ့ဗီရဲက သူ့ကို အစ်အောက်၍ မေးကြည့်လျှင် မာကိုက ပြုံး၍ –

"စကားပြောရင် သူတို့နဲ့ အိပ်ဖူးတဲ့ အထာနဲ့ ပြော။ အဲဒါနဲ့ လုပ်စားတာပဲ"

အပြောကတော့ လွယ်သည်။ ဖလာ့ဗီရဲကတော့ 'ကျွန်တော်' ဆိုသော စကားလုံးကိုပင် 'ကိုယ်' ဟု ပါးစပ်က ပြောင်းမထွက်ရဲ။ ရဲတပ်ဖွဲ့ထဲမှာလည်း လုပ်ဖော်ကိုင်ဖက်တွေက သူ့ကို စနောက်တတ်သည်။ တကယ်ခင်လို့တော့ မဟုတ်။ ခင်လည်း မခင်။ စိတ်ထဲက မပါဘဲ စကြသည်ဟု ထင်သည်။ တစ်ခါတလေ သူ့ကို နည်းနည်းတောင် လန့်ကြ၏။

သည်လိုမိန်းမမျိုးကို အရယူဖို့ ဂျီဗင်းတစ်ယောက် ဘယ်ကဘယ်လို သတ္တိရှိသွားသလဲ မသိ။ မဒလင်းနဲ့မှ သတ္တိရှိလာတာကော ဟုတ်ပါ့မလား။ သူတို့နှစ်ဦးကြားမှာ ချည်နှောင်မှုတစ်ခုခု ရှိနှင့်ပြီးသားလိုလို၊ ဂျီဗင်းကို မနှစ်မြို့တာချင်းတူ၍ သူတော်ချင်းချင်း သီတင်းလွေ့လွေ့ ဖြစ်နေမိသလိုလို သူ့စိတ်ထဲမှာ မဒလင်းဆိုသော အမည်ကို တရင်းတနှီး ရှိလှ၏။

ကွန်တီနတယ်က ထမင်းစားခန်းကို သူ မြင်ယောင်ကြည့်သည်။ ဂျီဗင်းနေရာကို ဝင်၍ မဒလင်းနှင့် ပထမဆုံးအကြိမ် ထမင်းစားသည်။ ဝိုင်တာ

mgyoe.com

m.gyoe.com

ခေါင်းဆောင်ကို လက်ယပ်ခေါ်၍ ဝိုင်ရွေးသည်။ ရယ်ဖို့တော့ ကောင်း၏။ ဝိတ်တာ ခေါင်းဆောင်၏ အကြည့်ကို သူ ကောင်းကောင်းသိ၍ စိတ်တိုရသည်။ သို့နှင့် ထမင်းစားခန်း အကျယ်ကြီးအတိုင်း မဒလင်းနှင့် လမ်းလျှောက်၍ ထွက်သွား လိုက်၏။ အပေါ်ထပ်သို့... အိပ်ခန်းသို့...။ မဒလင်းက အဝတ်အစားတွေ ချွတ် သည်။ နောက်ဆုံးကျတော့...။

ထိုင်ခုံမှာ ဂနာမငြိမ် ဖြစ်နေသော ဖလာ့ဗီရဲက မျက်လုံး ဖွင့်ကြည့် သည်။ ရုံထဲက ထွက်သွားလိုက်ချင်သော်လည်း သူ့နေရာက ခုံတန်း အလယ် တည့်တည့်မှာ ဖြစ်၍ တခြားသူတွေ စိတ်အနှောင့်အယှက် ဖြစ်ရမည်။ သူ့မှာ သည်လို ထထွက်သွားရဲသော သတ္တိမျိုး မရှိ။ သူ့ဘေးနားမှ ရယ်သံတွေ ထွက် လာသည်။ လက်ခုပ်သံကျယ်ကျယ် တစ်ခု ထွက်လာကာ တစ်ရုံလုံး လိုက်တီးကြ ပြီးနောက် ရုတ်ခြည်း ပြန်ငြိမ်ကျသွားသည်။ ဇာတ်မင်းသားက အချစ်အကြောင်း ပြောနေတာ ဖြစ်မည်။ ဇာတ်မင်းသားတွေများ အင်မတန် မူရာမာယာ များ၏။ ဖလာ့ဗီရဲက ရွံရှာစွာ ပခုံးတွန့်မိသည်။

မဒလင်းကို မျက်လုံးထောင့်ကပ်၍ တိတ်တိတ်ကလေး ခိုးကြည့်လိုက် သည်။ မီးအလင်းရောင်တစ်ဝက်တစ်ပျက် ကျနေသော လူကုံထံအသိုင်းအဝိုင်း များကြားမှာ မဒလင်းက ပုံတူပန်းချီရုပ်တစ်ခုလို ကွဲထွက်နေ၏။ လည်တိုင်နှင့် နားရွက်ဆီမှ လက်ဝတ်ရတနာတို့က တဖျပ်ဖျပ် လက်နေသည်။ မျက်လုံးလေး များမှာ ဝင်းပနေ၏။ လုပ်ပြတိုက်က မိုနာလီဆာတို့၊ လာဘဲဖေဟွန်ညဲ* တို့လို ဖော်မပြနိုင်သော မြတ်နိုးဖွယ် အလှနှင့် ခေါင်းကလေးငုံ၍ ငြိမ်ငြိမ်လေး နား ထောင်နေသည်။ မဟော်ဂနီရောင်သန်းသော ဆံနွယ်ကို လည်ပင်းထိအောင် ဆံထုံးကြီးကြီး ထုံးထား၏။ ပြီးတော့ ဂျီဗင်း။

မဒလင်းကို ကြည့်ဖို့ မှန်ပြောင်းကို မ,ရုံ ရှိသေး၊ ဘေးလူက အနေရ ခက်သော အမူအရာကို သိသိသာသာ ပြလာသဖြင့် ဖလာ့ဗီရဲခမျာ မှန်ပြောင်းကို အိတ်ကပ်ထဲ အသာပြန်ထည့်၍ သူ့ကိုယ်သူ တတ်နိုင်သမျှ ကျုံ့ကျုံ့ကလေး နေလိုက်ရသည်။ အခုတော့ သူမကို ဘယ်မှာတွေ့တွေ့ မှတ်မိသွားပြီဖြစ်ရာ ခဏနားချိန်ကျလျှင် ရုံထဲမှ ထွက်မည်။ မဒလင်းကို လိုက်ချောင်းပြီး သူ့ဘဝကို

---

* လာဘဲဖေဟွန်ညဲ* – ဒါဗင်ချီ၏ La Belle Ferronière ပန်းချီကား

mgyoe.com

mgyoe.com SAMPLE BOOK

ဝင်ရောက်စွက်ဖက်ရမှာ စဉ်းစားရင်း စိတ်အိုက်လာ၏။ ဂျီဗင်းခိုင်းသည့် ကိစ္စမှာ မသင်္ကာစရာ ကောင်းသည်။ မဒလင်း သိသွားလျှင် ဘယ်လိုလုပ်မလဲ။ ပြီးတော့ မဒလင်း အနေဖြင့် ချစ်ချင်သူကို ချစ်လို့ရသည့် အခွင့်အရေး အပြည့်အဝ ရှိသည်။ အကယ်၍ မဒလင်းမှာ ချစ်သူရှိနေတာ သိသွားလျှင် ဂျီဗင်းပဲ စိတ်ထိခိုက်ရမည်။

လက်ခုပ်သံတချို့နှင့် ဟုတ်တာပေါ့ ဘာညာ မသဲမကွဲ တီးတိုးပြောသံထွက်လာ၏။ နောက်တစ်ခေါက် ထပ်ကြည့်လိုက်လျှင် မဒလင်းသည် ခုနက အနေအထားအတိုင်း ထိုင်နေပြီး နားဆွဲမှာလည်း ခုနကလိုပင် တဖျပ်ဖျပ် လက်လျက် ရှိသည်။ မဒလင်းသည် ပြဇာတ်ကို စျာန်ဝင်နေ၏။ သွယ်လျဖြူဖွေးသော လက်ကို ပိတ်စနီနီ ဖုံးထားသော လက်တန်းစွန်းမှာ တင်ထားသည်။ သူတို့ ထိုင်နေသော သီးသန့်ရုံကို ရွှေရောင်ဖျော့တော့တော့ ပေါင်ကွပ်ထားသည်။

အရာအားလုံးသည် လက်စသတ်ဖို့သာ ကျန်တော့သော ပန်းချီကားတစ်ချပ်လို ပြီးပြည့်စုံလှ၏။ ယင်းမှာ အာရ်အက်ဖ် (R.F) ဟူသော အနီရောင် အက္ခရာအစ စာလုံးလေးများဖြင့် ရေးထိုးရမည့် ပန်းချီဆရာလက်မှတ်ပဲ ဖြစ်သည်။ ရော်ဂျာဖလာ့ဗီရဲ၏ နာမည်အတိုကောက် အာရ်အက်ဖ်။ တော်ပါ၊ ဂျီဗင်း၏ ယုတ္တိမရှိသော ဇာတ်လမ်းထဲ သူ့ကိုယ်သူ ထည့်ကြည့်ရလောက်အောင် ကြောင်လွန်းလှချည့်ရဲ့။ အတွေးလွန်နေလို့ မဖြစ်။ တကယ်တော့ သူ့ဦးနှောက်က သည်လို ဆန်းဆန်းကြယ်ကြယ် ဉာဏ်ကွန့်မြူးတတ်ပုံကို ထောက်၍ သူ့အနေဖြင့် စာရေးဆရာ ဖြစ်လာဖို့ ကောင်း၏။ စိတ်ကူးပုံရိပ်တို့မှာ မပိပိုးတဝါးမျှ မဟုတ်ဘဲ လက်တွေ့ဘဝမှာ ကြုံနေရသလို ပီပြင်လှ၏။ ဥပမာ- ဟိုခေါင်မိုး ဆိုလျှင် ပြောင်လက်ချောကျိနေသော သင့်ပုန်းအုတ်ကြွပ်ချပ်များ၊ မီးခိုးတလူလူ ထွက်နေသည့် အရောင်လွင့်နေသော အုတ်နီမီးခိုးခေါင်းတိုင်များ၊ ချောက်ကမ်းပါး အောက်ခြေမှာ အရှိန်အဟုန်ပြင်းပြင်း စီးဆင်းနေသော ရေစီးကြောင်းတစ်ခုလို အောက်ဘက်ရှိ ယာဉ်ကြောမှ ထူထူဝေဝေ အသံများ။ ဖလာ့ဗီရဲလည်း ဂျီဗင်းလိုပင် သူ့လက်သူ တင်းတင်းဆုပ်ထားမိသည်။

ရှေ့နေလုပ်ဖို့ ရွေးချယ်ထားလျှင် လူတွေကို ရှင်သန်ရပ်တည်နိုင်စွမ်း ကင်းမဲ့စေသော လျှို့ဝှက်ချက်များကို ရှာရပေမည်။ ပိုက်ဆံတွေ၊ စက်ရုံတွေ၊ မိတ်ဆွေတွေ ပေါများလှသည် ဆိုသော ဂျီဗင်းတောင် စစ်မှန်စွာ ရှင်သန်နိုင်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK

မရှိ။ သူတို့အားလုံး လူလိမ်လူညာတွေချည်းသာ။ အခက်အခဲ၊ အတားအဆီး တို့ကို မာကိုလို ကျော်လွှားနိုင်ချင် ယောင်ဆောင်ကြသည်။ သည်လိုအချိန်မျိုးမှာ မာကိုလည်း အားကိုးစရာ မိတ်ဆွေတစ်ယောက် အသည်းအသန် လိုနေမလား မသိ။

စင်ပေါ်မှ လူက မိန်းကလေးတစ်ယောက်ကို နမ်းလိုက်ပုံက လွယ်ကူလွန်း၏။ ဒါလည်း အလိမ်အညာတစ်ခုသာ ဖြစ်သည်။ ဂျီဗင်းလည်း မဒလင်းကို နမ်းမှာပင်။ သို့သော် သူ့အတွက်တော့ မဒလင်းသည် သူစိမ်းတစ်ယောက်သာ ဖြစ်ဆဲ။ သူတို့အားလုံး ဖလာ့ဗီရဲလို ချောက်ကမ်းပါးအောက်ခြေက တောင်စွန်းတစ်ခုမှာ တုန်လှုပ်နေခြင်းသာ အမှန်တရား ဖြစ်သည်။ သူတို့ရယ်ကြ၊ ချစ်တင်းနှောကြသော်ငြား ကြောက်လန့်နေကြသည်။ ဘုန်းကြီးတွေ၊ ဆရာဝန်တွေ၊ ရှေ့နေတွေသာ မရှိလျှင် ဘဝကို သူတို့ဘယ်လိုရင်ဆိုင်ကြမလဲ မသိ။

ကန့်လန့်ကာ ကျလာပြီး ပြန်တက်သွားပြန်သည်။ မီးရောင်များ စူးခနဲ လင်းလာသဖြင့် ပရိသတ်၏ စိတ်နှင့် လူနှင့် မကပ်သော မျက်နှာများ ပေါ်လာကြ၏။ ပရိသတ်က မတ်တတ်ထရပ်ပြီး လက်ခုပ်တီးကြသည်။ မဒလင်းက လက်ထဲမှ အစီအစဉ်စာရွက်နှင့် သူ့ကိုယ်သူ တစ်ချက်ချင်း ယပ်ခတ်သည်။ ဂျီဗင်းက သူ့နားကပ်၍ တစ်ခုခုပြော၏။ မဒလင်းအသွင်မှာ မိုဒဲလျာနီ* ၏ 'ယပ်တောင်နှင့် မိန်းမပျို'** ပန်းချီကားအလား။ သို့မဟုတ် ယင်းသည် ပေါ်လင်း လာဂျလက်၏ ပုံတူပန်းချီများ ဖြစ်နေမလား။

သည်အချိန်မှာ ထွက်လိုက်တာ ပိုကောင်းမည်။ ဖလာ့ဗီရဲက ကော်ရစ်ဒါဆီ တဖွဲဖွဲ သွားနေသော လူအုပ်နောက် လိုက်သွား၏။ ဂျီဗင်းတို့လင်မယားနှင့် ပက်ပင်းတိုးအောင် အင်္ကျီ၊ ဦးထုပ်များ ထားသည့် အခန်းအပြင်နားမှာ ခဏရပ်နေပြီးမှ မဒလင်းဘေးမှ တိုး၍ ထွက်လိုက်ရာ သူမ၏ ရုပ်သွင်ကို မှတ်မိအောင် အနီးကပ်ကြည့်ချိန် ရသွားသည်။ သမင်လည်ပြန် လှည့်ကြည့်လိုက်ချင်သော်လည်း ဘားဆီ ခပ်သုတ်သုတ် ဖြတ်လျှောက်သွားကြသော အရာရှိငယ် တစ်စုကြောင့် ကွေ့သွားလိုက်ရ၏။ မဒလင်းကို ရှာကြည့်ဦးမည်လုပ်ပြီးမှ ရုတ်တရက် လက်လျှော့လိုက်သည်။ သူ့ဘာသာ တစ်ယောက်တည်း နေမှ ဖြစ်မည်။

---

* မိုဒဲလျာနီ* – အီတလီပန်းချီပန်းပုပညာရှင် Amedeo Modigliani

** ယပ်တောင်နှင့် မိန်းမပျို* – La Femme à l'Eventail

 mgyoe.com SAMPLE BOOK 

စစ်ကြီးထဲမှာ သည်လိုညမျိုးတွေကို သူ သဘောကျသည်။ ရှည်လျား၍ လူသူကင်းမဲ့သော ရိပ်သာလမ်းဝယ် မြက်ခင်းပြင်ကို ဖြတ်တိုက်လာသော တတိုင်းမွေးနံ့သင်းသင်း လေညင်းကြောင့် လန်းဆန်းသွား၏။ ဖလာ့ဗီရဲသည် သူခိုးတစ်ယောက်လို လမ်းပေါ်မှာ ခြေသံမကြားရအောင် လျှောက်သည်။ မဒလင်း၏ မျက်နှာနှင့် မသိမသာ အရောင်ခပ်ရင့်ရင့် ဒန်းဆိုးထားသော ဆံနွယ်တို့ကို မှတ်မိဖို့ သူ့အတွက် မခက်ခဲချေ။

သူ့အတွေးတို့သည် ပြာလဲ့သော်ငြား တက်တက်ကြွကြွ လုံးဝမရှိသော မဒလင်း၏ မျက်လုံးများမှာ ရစ်ဝဲနေ၏။ စိတ်ပါခြင်း အလျှင်းကင်းမဲ့သော မျက်လုံးများ။ သူမ၏ ပါးပြင်သည် ပေါ်လွင်သော ပါးရိုးအောက်သို့ ပါးချိုင့်ကလေး ရေးရေး ထင်ရုံမျှ မဆိုစလောက် ချိုင့်ဝင်နေ၏။ ဘာဆေးမျှ ဆိုးမထားသော နှုတ်ခမ်း ပါးပါးလေးက အိပ်မက်မက်နေသော ကလေးငယ်၏ နှုတ်ခမ်းများနှင့် တူသည်။ မဒလင်း တဲ့။ ဤနာမည်ကသာ သူမနှင့် အလိုက်ဖက်ဆုံး ဖြစ်၏။ ဂျီဗင်း ဆိုတာ ကကော။ မဒလင်း ဟူသည့် မဟာဆန်သော နာမည်နောက်မှာ ဂျီဗင်း ဟူသော နောက်ဆက်တွဲက လှသော်လည်း သုံးစားမရသော အမည်က အပိုသက်သက် ဖြစ်နေသည်။ ယင်းသို့ဆိုလျှင် မဒလင်းခမျာ အဘယ်မှာ စိတ်ချမ်းသာနိုင်အံ့နည်း။ ဂျီဗင်းသည် မဒလင်း တစ်ယောက် သူနှင့်နေရတာ သေချင်စော်နံနေမှန်း သိရမည့် အစား ရယ်စရာကောင်းသော ပါးစပ်ရာဇဝင်ကို လုပ်ကြံဖန်တီးချေ၏။ မဒလင်း သည် ပကာသနလွှမ်းသော အပေါယ် ဟန်ဆောင်ဘဝကို လက်လျှော့ရလောက် အောင် ထိရှလွယ်၍ နူးညံ့ ပျော့ပျောင်းလွန်းလှသည်။ ထို့ကြောင့်သာ ပန်းချီ ဆက်မဆွဲတော့တာ မဟုတ်လား။ မဒလင်းကို စောင့်ကြည့်ရမှာ မဟုတ်။ ကူညီ ရမှာ၊ ကာကွယ်ရမှာသာ ဖြစ်သည်။

"ဒီကြားထဲ ငါကပါ ရောယောင်ပြီး လွတ်နေပြန်သေး။ စိတ်သာ ထိန်း မထားရင် မဒလင်းကို ငြိသွားမလားတောင် မသိဘူး။ မဒမ်ဂျီဗင်း လိုနေတာ အားဆေးပဲ။ သူ့ကို ပေးရမှာ အဲဒါပဲ"

ဖလာ့ဗီရဲသည် သူ့ဟာသူ စဉ်းစားရင်း မျက်နှာပူသလိုလို ဖြစ်လာ၍ စိတ်တိုတိုနှင့် ခပ်သွက်သွက် လျှောက်သည်။ အိမ်ရောက်သည်နှင့် ဂျီဗင်းဆီ ဖုန်းဆက်၍ အရေးကြီးကိစ္စ ပေါ်လာသဖြင့် သူ့အမှုကို မလိုက်ဖြစ်တော့သည့် အကြောင်း ပြောမည်ဟု ဆုံးဖြတ်လိုက်သည်။ သူ့အား ကောက်ရိုးတစ်မျှင်

mgyoe.com

လောက်မျှ ဂရုမစိုက်သော လူတစ်ယောက်အတွက် အဘယ်ကြောင့် စိတ်ရှုပ်ခံပေးစရာ လိုသနည်း။ သူမရှိဘဲနှင့်တောင် ဆယ့်ငါးနှစ်ကြာအောင် သူ့ဟာသူ ကောင်းကောင်းကြီး နေနိုင်ခဲ့သည်ပဲ။ ဂျီဗင်းမှာ ဖလာ့ဗီရဲတင် မဟုတ်၊ ဘယ်သူမှ ကို မရှိ။ သူ့စရိတ်နှင့်သူ သွားပါလေ့စေ။

ဖလာ့ဗီရဲသည် ကိုယ့်ဟာကိုယ် ခမ်မိုမိုင်း လက်ဖက်ရည်တစ်ခွက် ထဖျော်ရင်း –

"အခုနေ မဒလင်းသာ ငါ့ကို တွေ့ရင် တိုလီမုတ်စတွေ ဖုံးနေတဲ့ ဇီဇာခပ်ကြောင်ကြောင် အထီးကျန် လူပျိုသိုးကြီးတစ်ယောက်လို့ မြင်မလား မသိဘူး"

ညဘက်လည်း ကောင်းကောင်းအိပ်မပျော်။ အိပ်ရာနိုး၍ အမိက ရည်ရွယ်ချက်ကို သတိရလျှင် မဒလင်းကို ,လိုက်ချောင်းရမည့် အပျော်တို့မှာ ဆိတ်သုဉ်းခြင်းသို့ ရောက်ကုန်၏။ ထိုစိတ်ကို ကြိုးစား၍ အားတင်းသော်လည်း မရဘဲ ပေကတ်ကတ်နှင့် မောင်းထုတ်မရသော ခွေးတစ်ကောင်လို သူ့ကို လာ၍ တွယ်ကပ်နေသည်။ ရေဒီယိုဖွင့်လိုက်လျှင် ကင်းလှည့်လှုပ်ရှားမှုများ၊ အမြောက်တိုက်ပွဲများအကြောင်းသာ ပိုကြားရ၏။ ကောင်းလေ့စွ။

ဒီသတင်းများကြောင့် စိတ်ဆင်းရဲသူတော့ ရှိကြမည့်ပုံ မရ။ ဖလာ့ဗီရဲသည် လေလေး တချွန်ချွန်နှင့် မနက်ခင်း လုပ်ငန်းဆောင်တာများ အပေါ်သာ စိတ်နှစ်၍ ထားလိုက်လေ၏။

ပုံမှန်စားနေကျ ဖောက်သည်များသာ ထိုင်တတ်သော စားသောက်ဆိုင်လေးတစ်ခုမှာ နေ့လယ်စာ စားသည်။ အရပ်ဝတ်နှင့်မို့ သူ့ကို မနှစ်မြို့သလို ကြည့်ကြသည့်တိုင် စိတ်ထဲမှာ ဘယ်လိုမှ မနေတော့။ ပြီးတော့ ဆေးမအောင်တာ သူ့အပြစ်လည်း မဟုတ်။

ကလေးဘဲရ်ရိပ်သာလမ်းထဲက တိုက်ခန်းတွဲများ၏ အပြင်ဘက်မှာ နှစ်နာရီထိုးအောင် စတည်းချမနေတော့။ တစ်ပတ်လုံး အုံ့မှိုင်းပြီး၍ထင့်၊ ရာသီဥတုက ကြည်လင်သာယာလျက်ရှိရာ ဟိုဟိုဒီဒီ သွားလာနေသူတွေ ရှိသည်။ တိုက်ရှေ့မှာ ရပ်ထားသော အနက်ရောင် တဲလ်ဘော့ကားကြီးကို ဖလာ့ဗီရဲ တန်း သတိထားမိသော်လည်း ပုံမှန်အတိုင်း ပေါ့ပေါ့ပါးပါး ဖြတ်လျှောက်သွားလိုက်သည်။

လတ်လျားလတ်လျား ခြေဦးတည့်ရာ လျှောက်သွားနေဟန်ဖြင့် အိတ်ကပ်ထဲက သတင်းစာတစ်စောင် ထုတ်ကြည့်သည်။ တစ်ခါတလေ စာတစ်ပိုဒ်တလေ

mgyoe.com

mgyoe.com
SAMPLE BOOK


တော့ တကယ် ဖတ်ဖြစ်သည်။ 'နားဗစ်မြို့သို့ စစ်ကူပို့'၊ 'အယ်လ်ဆက်မြို့မှာ ကင်းထောက်လေယာဉ် ပစ်ချခံရ' တဲ့။ အဲဒါ ဘာလုပ်ရမည်နည်း။ သူ အားနေသည်။ မဒလင်းနှင့် ချိန်းတွေ့စရာ ရှိသည်။ ပလက်ဖောင်းပေါ်မှာ စားပွဲသုံးဝိုင်း ချထားသော ကော်ဖီဆိုင်လေးတစ်ခု တွေ့သဖြင့် ဝင်ထိုင်လိုက်သည်။

"ကော်ဖီတစ်ခွက် ပေးပါ"

တိုက်တန်းလျားကြီးကို လေ့လာဖို့ နေရာကောင်း ယူလိုက်သည်။ ၁၉၀၀ ပြည့်နှစ်က ရှုပ်ရှုပ်ထွေးထွေး ဖောင်းကြွလက်ရာများနှင့် ပြတင်းပေါက်အမြင့်ကြီးများ။ ပန်းပင်စိုက်ထားသော ပန်းအိုးများနှင့် လေသာဆောင်။ ခေါင်မိုးမှာ မတ်ရပ်ပြတင်းပေါက်များ။ အထက်မှာ ပြာလွင်စိုလဲ့သော ကောင်းကင်၊ မျက်စိကို အောက်ပြန်ချတော့ တဲလ်ဘော့ကားကြီးက စက်နှိုးနေပြီ။

ကားစက်နှိုးနေသူက ဂျီဗင်း။ မဒလင်းတော့ လော်လောဆယ် မတွေ့ရ။ ပူပူလောလော ချထားသော ကော်ဖီကို တဝွပ်ဝွပ်နှင့် မော့ချပြီးမှ သူ့ဟာသူ ပြုံးမိသည်။ ဒီညနေ မဒလင်း အပြင်ထွက်၊ မထွက် သူ ဘယ်လို သိပါမည်နည်း။ ထွက်လောက်စရာ အကြောင်းရင်းကော ရှိပါရဲ့လား မသိ။ ရှိသည်။

မဒလင်း ထွက်လိမ့်မည်။ နေသာသောကြောင့်၊ စိမ်းဖန့်ဖန့် သစ်ရွက်နုတို့ကြောင့်၊ နွေဦးလေနုနုမှာ မျောလွင့်နေသော အမွေးဖွားပန်းမျိုးစေ့တို့ကြောင့်။ ပြီးတော့ သူ စောင့်နေသောကြောင့်။

ရုတ်တရက် ပလက်ဖောင်းပေါ်မှာ မတ်တတ်ရပ်နေသော မဒလင်းကို သူ တွေ့သွားသည်။ ဖလော့ဗီရဲက သတင်းစာကို ချက်ချင်းချ၍ ထရပ်ပြီး လမ်းဖြတ်ကူးလိုက်၏။ မဒလင်းသည် ခါးကို ကျပ်နေအောင် စည်းထားသော မီးခိုးရောင် ဝတ်စုံနှင့် လက်ဆွဲအိတ်အနက်ကို လက်မောင်းအောက်မှာ ညှပ်ထား၏။ လက်အိတ်ကို စွပ်ပြီးလျှင် ဘေးဘီကို တစ်ချက်ကြည့်လိုက်ရာ လည်ပင်းရှိ ဇာအဖြူစမှာ တဖျပ်ဖျပ် လွင့်သွားသည်။ နဖူးနှင့် မျက်လုံး တစ်ဝက်ဖုံးအောင် မျက်နှာလွှား ပဝါပါးနှင့် ကျက်သရေရှိစွာ အုပ်ထား၏။ ယွန်းလီယွန်ဂျဲရမ်း* ၏ 'ဝံပုလွေနှင့် မိန်းမပျို'** ပန်းချီကားထဲက မိန်းမပျိုနှယ်။

---

* ယွန်းလီယွန်ဂျဲရမ်း – ပြင်သစ်ပန်းချီပန်းပုပညာရှင် Jean-Léon Gérôme

** ဝံပုလွေနှင့် မိန်းမပျို – La Femme au Loup

mgyoe.com

အလွန်အကြူး တန်ဆာဆင်ထားသော ဖျော့တော့တော့ ဗိသုကာလက်ရာ နောက်ခံနှင့် ပြိုးပြက်လင်းလက်သော နေခြည်ရောင်ဝါမှာ မတ်တတ်ရပ်နေသည့် သွယ်လျလျ ထိုပုံရိပ်ကို ပန်းချီဆွဲထားလိုက်ချင်သည်။ သူလည်း သည်ရက်ပိုင်းမှာ ပန်းချီပညာကို မတောက်တခေါက် လေ့လာနေသည် မဟုတ်လား။ စန္ဒရားတုန်း ကလိုပင် အကြီးအကျယ် အောင်မြင်မှာတော့ မဟုတ်။ ကိုယ့်ဟာကိုယ်သာ ဖြစ်ဖြစ် မြောက်မြောက် ရှိချင်မှ ရှိမည်၊ သာမန်မျှသာ ဆိုလျှင် မုန်းသည့် လူစားထဲ သူလည်း အပါအဝင် ဖြစ်သည်။ ဟိုစပ်စပ် သည်စပ်စပ် ကျွမ်းကျင်တာတွေ များသလို နောင်တ တွေလည်း တစ်လှေကြီးပင်။ သို့သော် ကိစ္စမရှိ၊ မဒလင်းက သူ့ရှေ့ ရောက်နေ ချေပြီ။

မဒလင်းသည် ရိပ်သာလမ်းအတိုင်း ထရိုကာဒဲဟို ရင်ပြင်သို့ သွားပြီး လျှင် မြင်ကွင်းမှ ပျောက်လုအောင် ဖြူဖွေးနေသော ရှိုက်ယိုနန်းတော် အဆောက် အဦဆီ တက်သွား၏။ ပါရီမြို့ကား ပန်းခြံကြီးတစ်ခုနှင့် တစ်ခါမှ သည်လောက် မတူဖူးချေ။ အပြာရောင်ကောင်းကင်မှာ ပါရီသားတို့ အမြတ်တနိုး တန်ဖိုးထား သည့် နီညိုရောင် အီဖယ်တာဝါကြီးက မြက်ခင်းပြင်မှ မိုးမိုးမတ်မတ်၊ ထိုးထိုး ထောင်ထောင်။ အနီးမှာ စိမ်းမြစ်ဆီ လျှောဆင်းသွားသော ပန်းဥယျာဉ်တို့က ပန်းပေါင်ကွပ်ထားသော ရေတံခွန်ရုပ်သေများနှယ် အဆင့်ဆင့် ဝန်းရံထားသည်။ ဆွဲသဘော်တစ်စီး တံတားအောက်မှ ဖြတ်သွားချိန်မှာ ခပ်အုပ်အုပ်နှင့် လျှင်လျှင် မြန်မြန် တစ်ချက်တည်း စူးရှကျယ်လောင်စွာ ဥသြဆွဲသွားသည်။ သည်နေရာမှာ စစ်နှင့်ငြိမ်းချမ်းရေးကြား တစ်ခုခုတော့ မတင်မကျ ဖြစ်နေပုံရ၏။ စိတ်ထိခိုက်ခြင်း ကြီးကြီးကျယ်ကျယ် မရှိစေကာမူ တစ်ခုခုကိုတော့ နင့်နင့်နဲနဲ ခံစားရသည်။ ဒါကြောင့်များ မဒလင်း တစ်ယောက် နွမ်းလျခြင်း တစ်မျိုးမျိုးနှင့် လျှောက်သွားနေ သလား မသိ။

မဒလင်းသည် လုပ်စရာတစ်ခုခု ရှိနေသလိုမျိုး ချီတုံချတုံ ဖြစ်နေ၏။ ပြတိုက်အပေါက်ဝမှာ ရပ်ပြီးမှ မမြင်နိုင်သော အင်အားတစ်ခုခု စီးဝင်သွားသည့် နှယ် တရွေ့ရွေ့နှင့် ဆက်လျှောက်သွားသည်။ ထရိုကာဒဲဟိုရင်ပြင်ကို ကျော်၍ ဟင်နရီမာတင်ရိပ်သာလမ်းအဆုံးက လူတွေကြားထဲ ခဏလောက် ယောင်လည် လည် လုပ်နေပြီးမှ ဆုံးဖြတ်ချက်ချလိုက်ကာ ဖတ်စီသန်ျိုင်းထဲ ဝင်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မဒလင်းသည် အုတ်ဂူတွေကြားထဲ ဖြည်းညင်းစွာ လျှောက်သွား၏။ ဖလော့ဗီရဲက မဒလင်းအား ဆက်လျှောက်သွားလိမ့်မည်ဟု တထစ်ချ တွက်ဆထားပြီးမှ ခမ်းနားသော စကျင်ကျောက်နှင့် ကြေးဝါလက်ဝါးကပ်တိုင် အတန်းများရှိရာ ဗဟိုလူသွားလမ်းမှ ချက်ချင်း ကွေ့သွားသည်။

မဒလင်းသည် လာဂျလက်၏ အုတ်ဂူကို တစ်ချက်ကြည့်ရင်း လမ်းကျဉ်းလေးများအတိုင်း လျှောက်သွားသည်။ ကျောက်သားပေါ်က စာလုံးအမည်များ။ အုတ်ဂူအခုံးပတ်လည်က သံချေးတက်နေသော လက်ရန်းများ။ ပန်းတချို့ ခုနကမှ လာထားသွား၍ ရေစက်၊ ရေပေါက်များကြောင့် ရွှတ်ခြည်း ထင်ကျန်ရစ်ခဲ့သော အကွက်များ။ စာကလေးများက မဒလင်း ရှေ့မှာ ခုန်ဆွခုန်ဆွ လာလုပ်ကြသည်။

ဤနေရာမှာအဝေးရှိမြို့ထဲက အသံဗလံများကိုစစ်ထုတ်လိုက်သလိုမျိုးတစ်စွန်းတစ်စသာ ကြားရသည်။ လူ့ပြည်လူ့ရွာ မဟုတ်သော တခြား တိုင်းတစ်ပါးသို့ ရောက်သွားသည့်နှယ် ခံစားရသည်။ မျက်စိနှင့် ကြည့်လို့ မြင်ရမည့်သူ မရှိ၊ သူတို့ ရှိနေမှန်း ခံစားချက်နှင့် သိနိုင်သူတွေတော့ အများကြီး ရှိသည်။ စာလုံးထွင်း အက္ခရာတစ်ခုစီမှ မမြင်နိုင်သော ဖြစ်တည်မှုတစ်ခုချင်းကို အာရုံပြု၍ ခံစားသိရှိနိုင်သည်။ ၎င်းတို့ကြား၊ ၎င်းတို့၏ ကျောက်သားမော်ကွန်းတိုင်များ ကြားမှာ လျှောက်သွားနေသော မဒလင်းအရိပ်က အုတ်ဂူကျောက်တိုင်များပေါ် ကျလိုကျ၊ ဂူအမိုးခုံးပေါ်က ဝတ်ပြုရာ လှေကားထစ်တွေပေါ် ကွေ့ကောက်၍ သွားလိုသွားနှင့်။ တစ်ခါတလေ တစ်ဝက်တစ်ပျက်သာ ကျန်ရစ်တော့သည့် စာလုံးထွင်း အက္ခရာတွေကို ခဏရပ်ပြီး ဖတ်တတ်သည်။

တချို့ကျောက်တိုင်များက သင်္ဘောပျက်များလို ဘေးတစောင်းလဲကျနေ၏။ တချို့ ကျောက်တိုင်တွေပေါ်မှာ ပုတ်သင်ညိုတွေက မြွေနဂါးနှင့်တူသော ဦးခေါင်းများကို အပေါ်မော့၍ လည်ပင်းတလှုပ်လှုပ်နှင့် နေပူဆာလှုံနေကြသည်။ ဘယ်လိုမှ ဆက်စပ်မရသော ဤထောင့်တစ်နေရာကို မဒလင်းက သူ့အိမ် သူ့ရာလို ခံစားရပုံ ရှိသည်။ သူမသည် သင်္ချိုင်းကုန်း အလယ်တည့်တည့်ကို ဦးတည်သွားသော လမ်းအတိုင်း ဆက်လျှောက်သွားသည်။ လမ်းခုလတ်တွင် ပန်းအိုးတစ်လုံးမှ ထွက်ကျသွားသော ခတ္တာပန်းတစ်ပွင့်ကို ကုန်းကောက်ပြီး ခုနကအတိုင်း အေးအေးလူလူ သွားရင်းက အုတ်ဂူတစ်လုံးနားမှာ ရပ်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK


မဒလင်း မျက်နှာက ဝမ်းနည်းဝမ်းသာ ဘာမျှမရှိ၊ တည်ငြိမ်အေးချမ်းခြင်းသာ ရှိ၏။ သူ့စိတ်ထဲမှာ ဘာတွေ တွေးနေမည်နည်း။ မဒလင်းသည် ခွက္ကာပန်းကို ကိုင်လျက် လက်နှစ်ဖက်ကို လျော့ရိလျော့ရဲ ဘေးချထားသည်။ သူမ အသွင်က ကသိုဏ်းတစ်ခုခု ရှုမှတ်ရင်း ရုပ်ခန္ဓာကြီးတစ်ခုလုံး ပျောက်ကွယ်သွားသော ပန်းချီပုံတူ တစ်ခုနှင့် တူသွားပြန်သည်။

ဖလာ့ဗီရဲ ခေါင်းထဲသို့ 'ဘဝင်စိတ်' ဟူသော စကားတစ်လုံး ရောက်လာ၏။ ဂျီဗင်း ပြောသော 'တိုက်ခိုက်မှု' ဆိုတာ ဒါများလား။ မဒလင်းမှာ လိပ်ပြာလွင့်တာတို့ ဘာတို့လို လျှို့ဝှက်ဆန်းကြယ်တာ တစ်ခုခုများ ရှိနေသလား။ မဟုတ်သေး။ လိပ်ပြာလွင့်ခြင်းမှာ အခုလို မဟုတ်သော ထူးခြားသည့် ဝိသေသလက္ခဏာများ ရှိသည်။ အခုက ပို၍ ရှင်းသည်။ အုတ်ဂူက အိုဟောင်း၍ လူတွေမေ့သွားသော်လည်း မဒလင်း စိတ်မှာ ယခုထိ လတ်လတ်ဆတ်ဆတ် ရှိနေသေးသော မိသားစုဝင် တစ်ဦးအတွက် လာရောက် ဆုတောင်းခြင်းသာ ဖြစ်ရမည်။ ဆန်းတော့ ဆန်း၏။

ဖလာ့ဗီရဲက လက်ပတ်နာရီကို ကြည့်လိုက်သည်။ မဒလင်း ရပ်နေတာ နာရီဝက်နီးနီး ရှိပြီ။ အတိအကျဆို မိနစ်နှစ်ဆယ်။ ထို့နောက် မဒလင်းသည် ခုနကအတိုင်း စိတ်မပါ့တပါအသွင်နှင့် သူနှင့် လားလားမျှ မအပ်စပ်သော ဗိသုကာလက်ရာတို့ကို လျှောက်ကြည့်ရင်း အလယ်ဗဟိုလမ်းဆီ ပြန်လျှောက်သွားသည်။ သူ့အနောက်မှ လိုက်လာသော ဖလာ့ဗီရဲက မဒလင်း ကသိုဏ်းရှုသွားသော အုတ်ဂူမှ ကျောက်ထွင်းအက္ခရာကို ဖတ်ကြည့်လိုက်၏။ စာက တိုတိုလေးသာ။

ပေါ်လင်းလာဂျလက်
၁၈၄၀-၁၈၆၅

ထိုနာမည်ကို သူ မျှော်လင့်ထားပြီးသား ဖြစ်သော်လည်း ဘာထူးခြားချက်မှ မတွေ့ရသဖြင့် တွေးတွေးဆဆနှင့် ရှေ့ဆက်သွားလိုက်သည်။

ဂျီဗင်း ပြောတာ မှန်သည်။ မဒလင်း၏ အပြုအမူမှာ နားမလည်နိုင်စရာ တစ်ခုခု ရှိသည်။ ဥပမာ- အုတ်ဂူနားမှာ ရပ်နေပုံက ခေါင်းညွတ်၍ အရိုအသေပေးတာ၊ လက်နှစ်ဖက် ဆုပ်တာ မရှိ၊ သူ မွေးဖွားလာခဲ့သော အိမ်ကို သည်အတိုင်း မတ်တတ်ရပ် ကြည့်နေသူနှင့် ပိုတူသည်။

mgyoe.com

mgyoe.com


စဉ်းစားကြည့်လေ ယုတ္တိမရှိလေ ဖြစ်လာသောကြောင့် ကြံကြံဖန်ဖန် ထိုစိတ်ကူးကို ခေါင်းထဲမှ ထုတ်လိုက်ပြီး မဒလင်းကို မီအောင် အမြန်လိုက်သွားသည်။ မဒလင်းသည် ခတ္တာပန်းကို ကိုင်လျက်သားနှင့် စိန်းမြစ်ဘက် ဆင်းသွား၏။ ပြီးတော့ ခေါင်းငိုက်စိုက်ကျသွားပြန်သည်။ ကေန္တ ပင်ပန်းရာသည်ထင့်။ မဒလင်းသည် လှိုင်းကြက်ခွပ်ထ၍ နေရောင်ကြောင့် တဖျပ်ဖျပ်နှင့် တံလျှပ်ထနေသော ရေပြင်ကို ကြည့်ရင်း အတွေးယဉ်ကြောမှာ မျောနေသည့်အလား လှေဆိပ်မှာ ခြေဦးတည့်ရာ လျှောက်သွားနေ၏။

နေကလည်း ပူသည်။ ယောကျ်ားသားများက ဦးထုပ်ကို လက်မှာ ပိုက်၍ နဖူးမှ ချွေးကို လက်နှင့် သုတ်ရင်း လမ်းလျှောက်နေကြသည်။ လှေဆိပ်က မီးခိုးရောင်ကျောက်ဆောင်များကို တစ်ချက်တစ်ချက် လာရိုက်ခတ်သော ရေက ပြာလဲ့နေသည်။ ပျံလွှားငှက်တွေက ကျည်ကျည်ကျာကျာနှင့် တံတားမှာ ဝိုင်းနေ၏။ ရိုးစင်းသော မီးခိုးရောင်ဝတ်စုံ၊ ဒေါက်မြင့်ဖိနပ်နှင့် မဒလင်းသည် ပါတီပွဲက လူစိမ်းတစ်ယောက်ထက် မီးရထားအလာကို စောင့်နေသော ခရီးသည်တစ်ဦးနှင့် တူ၏။ ရံဖန်ရံခါ လက်ထဲမှ ခတ္တာပန်း၏ ရိုးတံကို လက်ချောင်းများနှင့် ဟိုဘက် သည်ဘက် လှည့်နေတတ်သည်။

မဒလင်းသည် စိန်းမြစ်ကို ဖြတ်ကူးသော တံတားပေါ်မှာ ရပ်၍ ရင်တားပေါ် တံတောင်ထောက်ပြီး ကုန်းကြည့်လိုက်ရာ ခတ္တာပန်းက သူ့ပါးပြင်ကို သွားထိ၏။ တစ်ယောက်ယောက်နှင့်များ ဆုံဖို့ ချိန်းထားသလား မသိ။ ဒါမှမဟုတ် သူ့ဘာသာ ရိုးရိုးတန်းတန်း လာအနားယူတာလည်း ဖြစ်ချင်ဖြစ်မည်။ ပျင်းရိငြီးငွေ့စိတ်ကို သူ့နည်းသူ့ဟန်နှင့် ဖြေဖျောက်နေတာလည်း ဖြစ်နိုင်သည်။ မဒလင်းသည် ရေစီးကြောင်းမှာ ဝဲကန်တော့ထိုးသွားပုံ၊ တံလျှပ်မှာ တအိအိ ရေလှိုင်းထသွားပုံတို့ကို စွဲမက်စွာ ကြည့်နေ၏။ ရင်တားကို ကျော်၍ ဟိုး အောက်ဘက် ရေထဲရှိ သူ့ပုံရိပ်သူ ကုန်းကြည့်သည်။ သူ့အထက်မှာ ကော့င်းကင်ကြီးရှိ၍ သူ့မပခုံးသည် ရှည်လျားသော တံတားပေါင်အကွေးကို ကျော်သွား၏။

ဘယ်အရာက စေ့ဆော်လိုက်မှန်း မသိ၊ ဖလာ့ဗီရဲသည် မဒလင်းနှင့် အတော်နီးသော နေရာသို့ လာမိသည်။ မဒလင်းက မလှုပ်။ လက်ထဲက ခတ္တာပန်းကို ပစ်ချလိုက်ရာ အနီစက်လေးတစ်ခုအဖြစ် ရေစီးအတိုင်း ဖြည်းညင်းစွာ မျော၍ ကမ်းစပ်နားမှာ ဝဲလည်လှည့်နေသည်။ ပြီးလျှင် သမ္ဗန်တစ်စီးကို ကျော်ကာ ရေစီးထဲသို့ ပေါလောမျော၍ ဝေးရာ ရောက်သွား၏။ ထိုအခါ ခတ္တာပန်း၏

mgyoe.com

m gyoe.com  SAMPLE BOOK 

ကံကြမ္မာကို ဖလာ့ဗီရဲပါ စိတ်ဝင်စားလာသည်။ ဝေးလေ သေးလေ ဖြစ်သွားရှာသော ခတ္တာပန်းဆီမှ သူ့အကြည့်ကို လွှဲမရချေ။

ရုတ်တရက် ခတ္တာပန်းကို မတွေ့ရတော့။ သူ့ခမျာ နစ်ရှာပြီထင့်။

သို့သော် မြစ်ရေကို ငေးကြည့်နေသော မဒလင်းတော့ ရှိသေး၏။ သူမ၏ နှုတ်ခမ်းတို့ ယောင်ယောင်လေး ပြုံးလိုက်သလို ဖလာ့ဗီရဲ ထင်မိသည်။

မဒလင်းသည် မတ်မတ်ပြန်ရပ်၍ နောက်တံတားတစ်ခု၏ ညာဘက်ခြမ်းကမ်းပါးဆီ ဆက်လျှောက်သွားသည်။ ပြီးလျှင် ခုနကအတိုင်း ခြေလှမ်းခပ်ဖြည်းဖြည်း၊ ပတ်ဝန်းကျင်ကို ထူးဆန်းခြင်း မရှိသော အမူအရာနှင့် လမ်းလျှောက်၍ အိမ်ပြန်သွားလေ၏။ မဒလင်းတစ်ယောက် အိမ်ထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားချိန်တွင် လေးနာရီ ခွဲလေပြီ၊ ဖလာ့ဗီရဲမှာသာ အီလည်လည်နှင့် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ တိုးလိုးတန်းလန်းကြီး ဖြစ်ကျန်ခဲ့၏။

သူ ဘာဆက်လုပ်ရမှာပါလိမ့်။ မဒလင်းကို လိုက်ကြည့်၍ ကုန်သွားသော တစ်ချိန်လုံး အထီးကျန်နေခဲ့သည်။ ယင်းကို သည်းခံနိုင်စွမ်း မရှိ။ ကော်ဖီဆိုင်တစ်ဆိုင်သို့ ဝင်၍ ဂျီဗင်းဆီ ဖုန်းခေါ်သည်။

"ဟဲလို၊ ဂျီဗင်းလား။ ဖလာ့ဗီရဲ ပြောနေတာပါ။ မင်းဆီ ခဏလာတွေ့လို့ ရမလား။ ဘာမှ အထွေအထူး မဟုတ်ပါဘူး။ မေးခွန်းလေး နည်းနည်းပါးပါး မေးချင်လို့။ ဟုတ်ပြီ။ ခဏနေ လာခဲ့မယ်"

သခင်ကြီးတစ်ပါးလို နေ့ထိုင်သော ဂျီဗင်းက သူ့ရုံးခန်းမှာပဲ ပေါ့ပေါ့ပါးပါး ပြောကြစို့ဟု ဆိုသည်။ တကယ်တော့ သူ့ရုံးခန်းမှာ အဆောက်အဦကြီး၏ တစ်လွှာလုံး ဖြစ်၏။

စာရေးက–

"ခဏလောက် စောင့်ပေးပါဦး ဆရာ။ ဒါရိုက်တာကြီး အစည်းအဝေး လုပ်နေလို့ပါ" ဟု ဆိုကာ သားသားနားနားနှင့် သက်သောင့်သက်သာ ရှိလှသော ညှော်သည်စောင့်ဆိုင်းခန်းတစ်ခုကို လိုက်ပို့သည်။ 'အပိုတွေ' ဟု ဖလာ့ဗီရဲ တွေးလိုက်သည်။ ခဏနေတော့ ဧည့်သည်များကို အပြင်ထွက်၍ လိုက်ပို့သော ဂျီဗင်းကို တွေ့ရ၏။

နှစ်ယောက်တည်း ကျန်တော့မှ ဂျီဗင်းက –

"တွေ့ရတာ ဝမ်းသာလိုက်တာကွာ။ စောင့်ခိုင်းလိုက်ရတာ ဆောရီးကွာ၊ ဒီနေ့ ကိစ္စလေးတွေ ရှိနေလို့"

mgyoe.com

သူ့ရုံးခန်းက ကျယ်ဝန်း၍ လင်းကျင်းနေသည်။ အမေရိကန်စတိုင် ဖိုင်တွဲ ဗီရိုများ၊ စတီးချောင်းကို ခွေ၍ လုပ်ထားသော လက်တန်းပါထိုင်ခုံများ ရှိပြီး ပြာခွက်တွေကို ခရိုမီယံပန်းပုရုပ် အောက်ခံခုံပေါ် တင်ထားသည်။ နံရံတွင် ကြီးမား လှသော ဥရောပတိုက်မြေပုံကြီး တစ်ခု ချိတ်ထားပြီး ယခုရောက်ရှိနေသော ရှေ့တန်း တစ်နေရာကို ပင်အပ်များ ထောက်၍ ကြိုးနီတစ်ချောင်းနှင့် ပြထား၏။

"ကဲ... ဘယ်လိုလဲ၊ သူ့ကို တွေ့ပြီးပြီလား"

"အေး"

"သူ ဘာလုပ်ခဲ့လဲ"

"သင်္ချိုင်းကို သွားတယ်"

"ဖတ်စီသင်္ချိုင်း မဟုတ်လား၊ ဟိုအုတ်ဂူဆီ..."

"ဟုတ်တယ်"

"တွေ့လား၊ ငါပြောသားပဲ ဖလာ့ဗီရဲရယ်။ ခုတော့ သိပြီ မဟုတ်လား"

စားပွဲထောင့်တစ်နေရာ တယ်လီဖုန်းနားတွင် မဒလင်း၏ ဓာတ်ပုံတစ်ပုံ ရှိသည်။ ဖလာ့ဗီရဲက ထိုဓာတ်ပုံကို စိုက်ကြည့်နေမိ၏။

"အုတ်ဂူမှာ နာမည်တစ်ခုပဲ ရှိတယ်။ အဲဒါ သူ့မိဘတွေ မဟုတ်ဘူး လား"

"မဟုတ်ဘူး။ သူ့မိဘတွေကို အာဒင်းနက်စ်မှာ မြှုပ်ထားတာ။ ငါ့ဘက် ခြမ်းကျ မိသားစုအုတ်ဂူတစ်ခု ဆန့်ထွမ်မှာ ရှိတယ်။ ဖတ်စီမှာ ဆွေမျိုးဆိုလို့ ပေါ်လင်းလာဂျလက် တစ်ယောက်ပဲ ရှိတာ။ ငါကြောက်တာ အဲဒါပဲ။ ပွင့်ပွင့် လင်းလင်း ပြောမယ်ကွာ၊ သူ အဲဒီကို သွားတာ မင်း ဘယ်လိုထင်လဲ။ အဲဒီနေရာနဲ့ ပတ်သက်တဲ့ အကြောင်းရင်း တစ်ခုခုများ မင်းတွေ့သလား။ သူ အဲဒီကို သွားသွား နေတာ ပထမဆုံးအကြိမ် မဟုတ်ဘူးလို့ မင်းပြောဖို့ သေချာလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး။ သူက သွားမယ့်လမ်းကို ဘယ်သူ့မှ မမေး ဘူး။ ဟိုဟိုဒီဒီ လျှောက်သွားပေမယ့်လဲ သူ သွားတဲ့လမ်းတော့ သူ့ဟာသူ သေချာ သိပါတယ်"

"သိရမှာပေါ့၊ သူက ပေါ်လင်းကို စိတ်စွဲနေတာပါလို့ ငါ ပြောတယ်လေ"

ဂျီဗင်းက လက်အိတ်စွပ်ထားသော လက်နှစ်ဖက်နှင့် စားပွဲနောက်ကို လျှောက်စမ်းသည်။ သူ့လည်ပင်းမှ အဆီလိပ်က ကော်လာအထက်မှ ကျော်ထွက်

mgyoe.com

mgyoe.com SAMPLE BOOK


နေသည်။ တယ်လီဖုန်းက ထမြည်လာရာ စိတ်တိုတိုနှင့် စကားပြောခွက်ကို ဆတ်ခနဲ ကောက်ကိုင်လိုက်၏။

ဂျီဗင်းက ဆေးတံကို လက်နှင့် အုပ်၍ လေသံတိုးတိုးနှင့်

"သူ့ကိုယ်သူ ပေါ်လင်းလာဂျလက်လို့ ထင်နေတာ။ ဒီလောက်ဆို ငါ စိတ်ပူတာ မင်း မအံ့သြလောက်ပါဘူး"

ဖုန်းဆီက ဗလုံးဗထွေး အသံတစ်ခု ထွက်လာသဖြင့် ဂျီဗင်းက ကပျာကယာ နားနှင့် ကပ်၍ နားထောင်လိုက်သည်။

"ဟဲလို၊ ဟုတ်ကဲ့။ ဂျီဗင်း ပြောနေပါတယ်။ ပြော် ချစ်မိတ်ဆွေကြီး ပါလား။ ခင်ဗျားဆီ ဆက်သွယ်တော့မလို့ပဲ။ ကိစ္စကတော့..."

ဖလာ့ဗီရဲက ဂျီဗင်း စကားသံကို နားထောင်မနေဘဲ မဒလင်းဆီ လှမ်းကြည့်လိုက်သည်။ ရုပ်တုတစ်ခု၏ မျက်နှာ။ သက်ဝင်လှုပ်ရှားခြင်း ကင်းသော မျက်လုံးများ။ ဂျီဗင်းက တစ်ဖက်လူကို ငေါက်ငမ်း၍ ပြောလိုက်ပြီး မျက်မှောင်ကြုတ်၍ စကားပြောခွက်ကို ဝုပ်ခနဲ ချလိုက်သည်။ သူလာမိတာ မှားပြီဟု ဖလာ့ဗီရဲ တွေးလိုက်သည်။ ရုတ်တရက် မဒလင်း၏ ဖြစ်ရပ်ဆန်းကို မဒလင်း ဘာသာ တစ်ယောက်တည်း ဖြေရှင်းရမည်မှန်း သိလိုက်၏။ ဤကိစ္စကို ဂျီဗင်းက ဖုံးဖိဖို့သာ တတ်နိုင်သည်။ သူ့ခေါင်းထဲသို့ ပေါ်လင်း၏ ဝိညာဉ်လိပ်ပြာ ဟူသော ကြံကြံဖန်ဖန် စိတ်ကူးတစ်ခုသာ ပေါ်နေသည်။

ဂျီဗင်းက –

"ဒင်းတို့ကို သည်းမခံနိုင်တော့ဘူး။ အခုချိန်မှာ ဘယ်လောက်တောင် ကမောက်ကမ ဖြစ်နေလဲ မင်း သိမှာ မဟုတ်ဘူး။ မသိတာပဲ ကောင်းပါတယ်။ စိတ်ပျက်စရာကြီး"

ဖလာ့ဗီရဲက –

"လာဂျလက် ဆိုတာ မင်းမိန်းမရဲ့ မျိုးရိုးနာမည်လား"

"မဟုတ်ဘူး။ နာမည်အပြည့်အစုံက မဒလင်းဂစ်ဗာ တဲ့။ သူ့အမေက လွန်ခဲ့တဲ့ သုံးနှစ်က ဆုံးတယ်။ အဖေဆုံးတာလဲ သိပ်မကြာသေးဘူး။ သူက မဲ့ဗ်ရုံမြို့နားမှာ စက္ကူစက်ရုံတွေ ပိုင်တော့ တော်တော်စိုးရိမ်ရတယ်။ သူ့အဘိုး တည်ခဲ့တာလေ။ သူက အဲဒီနယ်က လာတာ"

mgyoe.com

mgyoe.com  SAMPLE BOOK 

"ဒါပေမဲ့ ပေါ်လင်းလာဂျလက်က ပါရီမှာ နေတာ ဖြစ်ရမယ်၊ ဟုတ်လား"

ဂျီဗင်းက ဖောင်းအစ်အစ် လက်ချောင်းများနှင့် မင်နှိပ်စက္ကူချပ်ကြီးပေါ် တတောက်တောက် ခေါက်ရင်း –

"ငါလဲ ဝိုးတိုးဝါးတားပဲ။ အားတော့ နာတယ်ကွာ။ တစ်ရက် ငါ့ယောက္ခမက ဆန့်ပဲရိလမ်းက အိမ်အိုကြီးတစ်လုံးကို လက်ညှိုးထိုးပြီး အဘွား ပေါ်လင်းက အဲဒီမှာ နေတာလို့ ပြောတယ်။ ငါတော့ ဆန့်ပဲရိလမ်းလို့ ထင်တာပဲ။ မြေညီထပ်မှာ ဆိုင်တစ်ဆိုင် ရှိတယ်၊ ရှေးဟောင်းပစ္စည်းဆိုင် ထင်တယ်၊ ဒါနဲ့ မဒလင်းကို တွေ့ပြီးပြီဆိုတော့ မင်း ဘယ်လိုထင်လဲ ပြောပါဦး"

ဖလာ့ဗီရဲက ပခုံးတွန့်ပြလိုက်သည်။

"အများကြီးတော့ ပြောလို့ မရသေးဘူး"

"ဒါပေမဲ့ သူ တစ်ခုခု ထူးဆန်းနေတာတော့ သဘောတူတယ် မဟုတ်လား"

"ငါ့အတွက်တော့ ထူးဆန်းနေသလိုပဲ၊ ဟုတ်တယ်၊ ဒါနဲ့ သူက တကယ်ပဲ ပန်းချီလုံးဝ မဆွဲတော့ဘူးလား"

"လုံးဝ မဆွဲတော့တာ၊ စတူဒီယိုခန်းထဲ ရှိရမယ့်အစား ဧည့်ခန်းထဲမှာပဲ ရှိနေတာ"

"ဘာလို့ မဆွဲတော့တာလဲ"

"တကယ်က ဘာလို့လဲဆိုတော့... သူက စွယ်စုံရတယ်လေ။ သူ့မှာ စိတ်ဝင်စားတာတွေလဲ အများကြီး ရှိတယ်။ လူဆိုတာ ပြောင်းလဲ..."

ဖလာ့ဗီရဲက လက်တစ်ဖက် ထောင်၍ –

"ငါ မင်း အချိန်တွေ ထပ်မဖြုန်းချင်တော့ဘူး။ မင်း ဘယ်လောက် အလုပ်ရှုပ်မှန်း ငါ သိနေမင့်ဟာ"

"အဲဒီလိုတော့ မပြောပါနဲ့။ အကုန်ထည့်တွက်လို့တော့ ဘယ်ရမလဲ။ မဒလင်းနဲ့တော့ ယှဉ်လို့ မရပါဘူး။ အမှန်အတိုင်း မေးမယ်ကွာ။ သူ ရူးနေပြီလို့ မင်း ထင်လား"

"မရူးတာတော့ လုံးဝ သေချာတယ်။ ပြောပါဦး၊ သူက စာတွေ သိပ်ဖတ်သလား"

"ဟင့်အင်း... သူ့ကို စာဖတ်သမားလို့တော့ မပြောလိုပါဘူး။ လူအများစုလိုပဲ ဘက်ဆဲလားတွေ ဖတ်တယ်။ မဂ္ဂဇင်းတွေ ဖတ်တယ်"

mgyoe.com

mgyoe.com  SAMPLE BOOK 

"ထူးခြားတာ ဘာညာရှိရင် ပေါ်ပင်လိုက် လုပ်တတ်သလား၊ ဆန်းဆန်းပြားပြားတွေ ဘာတွေ စိတ်ဝင်စားတတ်သလား"

"အဲဒီလိုတော့ တစ်ခါမှ တွေးမကြည့်မိဘူး"

"ဒါဆိုလဲ ငါပဲ စောင့်ကြည့်ရတာပေါ့"

"မင်းလေသံက စိတ်ပါတဲ့ပုံလဲ မပေါက်ဘူး"

"လောလောဆယ်တော့ တို့နှစ်ယောက်လုံး အချိန်ဖြုန်းနေတယ်လို့ပဲ ခံစားရတယ်"

လိုအပ်လျှင် တစ်ပတ်လုံး၊ တစ်လလုံး မဒလင်းနောက် လိုက်ချောင်းဖို့ ဆုံးဖြတ်လိုက်တာကိုတော့ ဂျီဗင်းအား မပြောချင်။ ဤဖြစ်ရပ်ဆန်းကို ရေဆုံးရေဖျား မလိုက်ရဘဲ သူ စိတ်မအေးနိုင်။

ဂျီဗင်းက –

"မင်းကိုချည်း အားကိုးရတာ ဆောရီးပါကွာ။ ငါလဲ ဘယ်လိုမှ လှုပ်မရတာ မင်း အမြင်ပဲ။ ဒီရုံးနဲ့ လဲဟားကို ကူးချည်သန်းချည် လုပ်ရတာနဲ့တင် မအားဘူး။ ဒီအလုပ်ကို မင်းလက်ခံမှ ငါလဲ ဝန်ပေါ့သွားတာ"

သူက ဖလာ့ဗီရဲကို ခွာတ်လှေကားဆီ လိုက်ပို့ရင်း –

"ဘာအကြောင်းရှိရှိ ဖုန်းဆက်လိုက်နော်"

"အေးပါ၊ ဆက်လိုက်ပါ့မယ်"

လမ်းထဲရောက်တော့ ခြောက်နာရီထိုးပြီဖြစ်၍ ပတ်ဝန်းကျင်က သွက်လက် မြန်ဆန်နေ၏။ ညနေခင်း သတင်းစာတစ်စောင် ဝယ်ဖတ်တော့ ပင်တိုင် ဆောင်းပါးက ဂျာမန်တွေ စစ်ရှုံးကြောင်း၊ ပိတ်ဆို့ချုပ်နှောင် ခံထားရကြောင်း၊ လူဇင်ဘတ်နယ်စပ်အနီးမှာ ရန်သူ့လေယာဉ်နှစ်စင်း ပစ်ချခံရကြောင်း၊ စစ်ဦးစီးချုပ်က ဖြစ်နိုင်ခြေ အားလုံးကို မျှော်လင့်ထားကြောင်း၊ စိတ်ပျက် အားငယ်စွာ စွန့်ခွာတော့မည့် ရန်သူတွေကို သင်္ဘောပေါ် တင်ပေးဖို့သာ စောင့်နေကြောင်း သိရသည်။

ဖလာ့ဗီရဲက သမ်းဝေ၍ သတင်းစာကို အိတ်ကပ်ထဲ ထိုးထည့်လိုက်၏။

စစ်ပွဲအကြောင်း ဒီထက်ပို၍ စိတ်မဝင်စားနိုင်။ မဒလင်း ကိစ္စသာ အရေးကြီး၏။ ကော်ဖီဆိုင်က ခုံတစ်လုံး ယူထိုင်ပြီး ဘိလပ်ရည် မှာလိုက်သည်။

mgyoe.com


ပေါ်လင်း၏ အုတ်ဂူရှေ့မှာ အိပ်မက်မက်သလို ဖြစ်နေသော မဒလင်းကို မြင်ယောင်မိသည်။ အိမ်လွမ်းနာ။ အုတ်ဂူကို လွမ်းနာကျခြင်း။ မဟုတ်သေး။ မဖြစ်နိုင်။ သို့သော် ဖြစ်နိုင်လား၊ မဖြစ်နိုင်လား ဆိုတာ ဘယ်သူက တကယ် သိမှာလဲ။

အိမ်ကို ခေါင်းကိုက်လျက် ပြန်ရောက်သွားသည်။ လာဂျလက် ဆိုသော အမည်နှင့် ပတ်သက်၍ ထူးထူးခြားခြား ဖော်ပြထားခြင်း ဘာမှုမရှိမှာ မဟုတ်မှန်း သူကောင်းကောင်း သိသော်လည်း သေချာချင်သောကြောင့် စွယ်စုံကျမ်းထဲမှာ အယ်လ်(L)အက္ခရာနှင့် စသော စာမျက်နှာများကို လှန်လှောကြည့်သည်။ မဟုတ်လျှင် အိပ်ပျော်မှာ မဟုတ်။ သို့သော် ပုံမှန်မဟုတ်တာ ဘာမှ ရှာမတွေ့။ လိုရမည်ရ လိုက်တော့ ရှာကြည့်ရမည်။ အခုက စပြီး အူကြောင်ကြောင် အကြောင်းအရာတွေ လိုရမည်ရ ရှာကြည့်ရတော့မည်ဟု သိလိုက်သည်။ မဒလင်း အကြောင်းက စဉ်းစားလေ ရှုပ်ချင်စရာ ကောင်းလေ ဖြစ်၏။ ခတ္တာပန်းနှင့် မိန်းမ။ ရင်တားမှ တစ်ဆင့် မြစ်ရေပြင်ကို ကုန်း၍ ကြည့်နေသော မဒလင်းကို ပုံကြမ်းဆွဲကြည့်သည်။ အဆင်မပြေ။ စက္ကူစကို လုံးခြေပစ်လိုက်ပြီး အက်စ်ပရင် နှစ်လုံးလောက် ထသောက်လိုက်၏။

□

mgyoe.com

mgyoe.com SAMPLE BOOK

## အခန်း (၃)

မဒလင်းသည် အောက်လွတ်တော်ရုံးရှေ့မှာ လုံ့စွပ်ကိုင်၍ အတက်အဆင်း လုပ်နေသော အစောင့်စစ်သားရှေ့မှ ဖြတ်သွားသည်။ မနေ့မွန်းလွဲပိုင်းက ဂျီဗင်း ထွက်သွားသည်နှင့် မဒလင်းလည်း အိမ်ထဲကနေ ချက်ချင်းလိုလို ထွက်လာ၏။ ဤတစ်ကြိမ်မှာတော့ မဒလင်းက လမ်းကို ခပ်သွက်သွက် လျှောက်သွားသည်။ ကားလမ်းကို သတိပင် မထားဘဲ ကူးသွားရာ ပြေးသွားမည်စိုး၍ ဖလာ့ဗီရဲက သူမ၏ ဒေါက်ဖိနပ်ကို မျက်ခြည်မပြတ် စောင့်ကြည့်နေရသည်။ ဘယ်ကိုများ အလျှင်စလို သွားမလို့ပါလိမ့်။

မဒလင်း ဒီနေ့ ဝတ်စားထားပုံက ယခင်နေ့များနှင့် မတူ။ မီးခိုးရောင် ဝတ်စုံအစား ရိုးရှင်းလှသော အညိုရောင်သာမန်ဝတ်စုံနှင့် ခေါင်းမှာ သံပရာခွံ ဦးထုပ်ဆောင်းထားသည်။ ဤပုံစံက သူမကို ပို၍ အရွယ်တင်စေပြီး အပျိုနှင့်ပင် တူသေး၏။ ဆန့်ဂျာမိန်း ရိပ်သာလမ်းကို အရိပ်ရသောဘက်ခြမ်းမှ လျှောက် သည်။ လူဗင်ဘတ်ဥယျာဉ်ကို သွားမလို့လား။ သို့မဟုတ် လောကီပညာ အဖြာဖြာ ကို သွားရောက်လေ့လာမလို့လား မသိ။

မဒလင်းကို မျက်ခြည်မပြတ်အောင် အနောက်မှ နီးနီးကပ်ကပ် လိုက်မှ ရမည်ဟု ဖလာ့ဗီရဲ ချက်ချင်း သဘောပေါက်သွား၏။

mgyoe.com

mgyoe.com

သူမဆီက ရေမွှေးနံ့ကို ရသည်။ မြေဆီမြေနှစ်နှင့် ပန်းပွင့်အသေတို့ ပေါင်းစပ်ထားသော ရှုပ်ထွေးသည့် ရနံ့။ ဒီအနံ့ကို အရင်က ဘယ်မှာ ရဖူးပါလိမ့်။ ဟိုတစ်နေ့က ဖတ်စီသချိုင်း၏ လူမရှိသော နေရာမှာ ရဖူးသည့် အနံ့။ ထိုအနံ့ကို သူ ကြိုက်သည်။ ဆောမားမြို့အနီးက လိုဏ်ခေါင်းများနှင့် မတ်စောက်သော ကျောက်ဆောင်များရှိရာ တောင်ကုန်းဘေးမှာ ဆောက်ထားသည့် အဘိုး၊ အဘွား တို့အိမ်ကို ထိုအနံ့က သတိရစေ၏။ လူတွေက လိုဏ်ခေါင်းများထဲမှာ နေသည်။ အိမ်ကို သွားချင်လျှင် ရော်ဘင်ဆင်နိကရူးဆိုးလို လှေကားနှင့် တက်ရသည်။ မီးခိုးခေါင်းတိုင်က ကျောက်ဆောင်မှ ပြူထွက်နေပြီး အပေါ်က ကျောက်သားဖြူဖြူ မှာ အမည်းစင်းရာကြီးတစ်ခု ပေကျံနေ၏။ အားလပ်ရက်တွေ ဆိုလျှင် အတွင်းက ပြောင်လက်လှပသည့် ပရိဘောဂတွေကို အပေါက်များမှ လိုက်၍ ချောင်းကြည့်ရင်း သည်လိုထူးဆန်းသော အခြေချနေထိုင်မှုကို စူးစမ်းလေ့လာရတာ သိပ်သဘော ကျသည်။ အပယ်ခံအိမ်သားတစ်ဦးဆီ တစ်ခေါက်တော့ သူ သွားလည်ဖူး၏။ ဂူ အဆုံးနားကို အလင်းရောင်နည်းနည်းလေးသာ ရောက်သည်။ နံရံများက အေးစက် ကြမ်းရှ၍ တီတ်ဆိတ်ခြင်းကလည်း ချောက်ချားဖွယ် ကောင်းလှသည်။ ညဆိုလျှင် မြေကြီးထဲ တွင်းတူးနေသော ပွေးတို့အသံကို ကြားရလောက်သည်။ ရံဖန်ရံခါ တီကောင်တွေ ဘာတွေလည်း မျက်နှာကြက်မှ တွန့်လိမ်၍ ပြုတ်ကျချင် ကျလာ နိုင်သည်။ အိမ်နောက်ဘက်က မှိုနံ့စွဲနေသော ခနော်ခနဲ့ တံခါးမှတစ်ဆင့် မြေ အောက်ခန်းထဲ သွားလို့ရသည်။ ထိုတံခါးနောက်မှာတင် တအုံးအုံး တအွမ်အွမ် အော်နေကြသော မီးခိုးရောင် ဖားပြုပ်ကြီးများကို တက်နင်းမိပြီးမှ လိုရာသို့ ရောက် နိုင်သောကြောင့် စည်းတစ်ဖက်ခြားလောက၏ ပြခန်းနှင့် လူသွားလမ်းများကို ဒီထက်ပို၍ မစူးစမ်းရဲခဲ့ချေ။

မဒလင်း၏ ရနံ့က ယင်းနေရာတစ်ခုလုံး သူ့အာရုံမှာ ပေါ်လာအောင် နှိုးဆွပေးသည်။ နေသာသော ရိပ်သာလမ်းက ဖူးသစ်စ သစ်ပင်တွေအောက်မှာ ဖလာ့ဗီရဲတစ်ယောက် အရိပ်တို့၏ ကြောက်မက်ဖွယ် ဖမ်းစားမှုကို ကြုံရပြန်၏။ မဒလင်းက သူ့ကို မြင်မြင်ချင်း ဖမ်းစားခဲ့သော အကြောင်းရင်းကို နားလည်သည်။

သူ့ခေါင်းထဲမှာ နောက်ထပ်ပုံရိပ်တစ်ခု ပေါ်လာသည်။ ဆယ့်နှစ်နှစ်သား တုန်းက ခုနကတောင်ကုန်း၏ အရိပ်အာဝါသအောက်မှာ ကစ်ပလင်း* ၏ မေ့မရ

* ကစ်ပလင်း – အင်္ဂလိပ်စာရေးဆရာ Rudyard Kipling

mgyoe.com

နိုင်သော 'အလင်းပျောက်ကွယ်'* ဘာသာပြန်ဝတ္ထုကို ဖတ်ခဲ့ဖူးသည်၊ အတွင်းစာမျက်နှာ ရှေ့ဆုံးရုပ်ပုံက ခြောက်လုံးပြူးတစ်လက်ကို ကုန်းကြည့်နေကြသော ကောင်လေးနှင့် ကောင်မလေးပုံ ဖြစ်သည်။ ထိုပုံနှင့် ဆီလျော်မှုမရှိစွာ တပ်ထားသည့် 'တောင်အာဖရိကသို့ သွားရာလမ်းက ဘာရလောင်းသင်္ဘောနှင့် ဖြစ်သည်။' ဟူသော စာကြောင်းကိုလည်း မေ့ဖျောက်မရဘဲ မျက်ရည်မဆည်နိုင်အောင် ခံစားရ၏။ သူ့စိတ်မှာ စွဲနေသော အနက်ရောင်ဝတ်စုံနှင့် ထိုကောင်မလေးက မဒလင်းနှင့် ဆင်သည်။ အခုတော့ သေချာသွားပြီ။ သူမအကြောင်းတွေး၍ အိပ်ပျော်သွားလျှင် အိပ်မက်ထဲမှာ သူမ၏ ခြေသံတွေ ကြားရသည်။

တကယ်တော့ ဒါတွေအားလုံး ရယ်စရာကောင်း၏။ ဂျီဗင်းလို လူ အတွက်တော့ ရယ်ဖွယ်အတိပင်။ အပေါ်ယံကြည့်လျှင် ဟုတ်နိုးနိုး ရှိသည်။ ပျောက်ဆုံးသွားသော အိပ်မက်တစ်ခုကို ပြန်ရှာတွေ့တာလည်း မှန်သည်။ လျှို့ဝှက်ဆန်းကြယ်သော သက်သေ အထောက်အထားတွေလည်း ပြည့်နှက်နေ၏။ သွယ်လျလျ အမည်းရောင် လူရိပ်အနေနှင့်၊ အရိပ်တို့၏ သားကောင်အနေနှင့် ဂန္ဓမာပန်းရနံ့တို့ ထုံမွှမ်းလျက် မဒလင်းက သူ့ရှေ့မှ လျှောက်နေသည်။ ဆန့်ပဲရိ လမ်းဘက်သို့ ကွေ့ဆင်းသွားသည့်အခါ ခါးသက်သော ကျေနပ်မှုတစ်မျိုး ဖလော့ဗီရဲ ခံစားရ၏။ တကယ်တော့ အခုထိ လက်ဆုပ်လက်ကိုင်ပြစရာ ဘာမှလည်း ရှိသေး တာမဟုတ်။

ထို့နောက် ဂျီဗင်း ပြောသော အိမ်ကို ရောက်လာသည်။ အောက်ထပ်မှာ ရှေးဟောင်းပစ္စည်းဆိုင် ရှိသောကြောင့် လည်းကောင်း၊ မဒလင်းက ဘေးဝင်ပေါက် မှတစ်ဆင့် အထဲသို့ တစ်ကြိုးတည်း တန်းဝင်သွားသောကြောင့် လည်းကောင်း ဤအဆောက်အဦသာ ဖြစ်ရမည်။ ဂျီဗင်း ပြောပုံနှင့် မကိုက်တာ တစ်ခုပဲ ရှိသည်။ ယင်းမှာ ထိုအဆောက်အဦ၏ ပထမထပ်မှစ၍ ဟိုတယ်ဖြစ်နေခြင်းပင်။ အင်္ဂလိပ်လို 'မိသားစုဟိုတယ်' ဟု ရေးထား၏။ အပြင်ပန်းပုံသဏ္ဍာန်အရ အခန်း နှစ်ဆယ် ထက် ပိုမရှိနိုင်။ တံခါးမှာ 'အခန်းပြည့်ပြီ' ဟု ရေးထားသော ကတ်တစ်ခု ချိတ်ထား သည်။

အထဲသို့ ဝင်လိုက်တော့ ဧည့်ကြိုစားပွဲခုံမှာ သိုးမွေးထိုးနေသော အမယ်အို တစ်ယောက်က သူ့ကို မျက်မှန်ပေါ်မှ ကျော်ကြည့်သည်။

---

* 'အလင်းပျောက်ကွယ်' – The Light That Failed

mgyoe.com

mgyoe.com

ဖလာ့ဗီရဲက –

"အခန်းယူမလို့ မဟုတ်ပါဘူး။ ခုနက ဝင်သွားတဲ့ အမျိုးသမီးရဲ့ နာမည်လေး သိချင်ရုံပါ"

"မင်းက ဘယ်သူလဲ"

ဖလာ့ဗီရဲက စုံထောက်ဟု ရာထူးဖော်ပြထားသော သူ့ကတ် အဟောင်းကို ကမ်းပေးလိုက်သည်။ ဆေးတံအဟောင်းများ၊ ဖောင်တိန်အကျိုးများ၊ နည်းနည်းလေးမျှ စိတ်မဝင်စားတော့သော စာရွက်စာတမ်းများ စသည်တို့ကို အကုန်သိမ်းထားတတ်သောကြောင့် ထိုကတ်ကိုလည်း သိမ်းထားခဲ့ခြင်း ဖြစ်သည်။ ဤတစ်ကြိမ်တော့ ကြောင်တောင်တောင်နိုင်သော ထိုအကျင့် သူ့မှာ ရှိတာကို သူ့ဘာသာ ဂုဏ်ယူမိသည်။

သူ့ကို စွေစောင်း၍ ကြည့်နေသော အမယ်ကြီးက –

"မဒလင်းဂျီဗင်း"

"သူ့ကို အခုမှ ပထမဆုံးအကြိမ် မြင်ဖူးတာတော့ မဟုတ်ပါဘူးနော်"

"အို မဟုတ်တာ။ သူက ဒီကို ခဏခဏ လာပါတယ်"

"သူ့အခန်းမှာ ဟို... ဧည့်သည်တွေ ဘာတွေများ ရှိသလား"

"သူက လေးစားဖို့ အကောင်းဆုံး အမျိုးသမီးပါ"

အမယ်ကြီးက ခေါင်းပြန်ငုံ့၍ သိုးမွေးထိုးရင်း တမင်ပြုံးသည်။

"ကျွန်တော် မေးတာလေးများ ဖြေပေးလို့ ရမလား ခင်ဗျာ။ သူက ဒီမှာ မိတ်ဆွေတွေ ဘာတွေနဲ့ လာတွေ့တတ်သလား"

"ဟင့်အင်း... ဒီမှာ ဘယ်သူနဲ့မှ လာမတွေ့ပါဘူး"

"ဒါဆို သူက ဒီကို ဘာလာလုပ်တာလဲ"

"ဘယ်သိမလဲကွဲ့။ တို့က ဖောက်သည်တွေကို လိုက်ချောင်းနေတာမှ မဟုတ်တာ"

"သူ့အခန်းနံပါတ်က ဘယ်လောက်လဲ"

"ဆယ့်ကိုး၊ တတိယထပ်မှာ"

"အဲဒါ ခင်ဗျားတို့ရဲ့ အကောင်းဆုံးအခန်းတွေထဲက တစ်ခုလား"

"မဟုတ်ပါဘူး။ သက်သောင့်သက်သာ နေလို့ရအောင်တော့ ပြင်ထားတာပဲ။ သူ့ကို အခန်းနံပါတ် ဆယ့်နှစ် ယူဖို့ ပြောပေမယ့် လှည့်တောင် မကြည့်

mgyoe.com

SAMPLE BOOK

ပါဘူး။ သူက တတိယထပ်ကနေ ခြံထဲကို ကြည့်ချင်တာ။ ကျန်တာတော့ ဘာမှ မရှိပါဘူး”

“ဘာဖြစ်လို့ပါလိမ့်”

“ဘယ်သိမလဲ၊ သူမှ မပြောတာ။ အဲဒီအခန်းက နေရောင်ရတယ်လေ။ အဲဒါကြောင့် ဖြစ်မယ်”

“သူက အခန်းကို အပြတ်ငှားတာပေါ့၊ ဟုတ်လား”

“လအပြတ် ငှားတာ။ အနည်းဆုံး တစ်လငှားတယ်”

“နောက်ဆုံးက ဘယ်အချိန် လာခဲ့တာလဲ”

အမယ်ကြီးက သိုးမွေးအထိုး ရပ်၍ မှတ်တမ်းစာအုပ်ကို လှန်ကြည့်သည်။

“လွန်ခဲ့တဲ့ သုံးပတ်က ဖြစ်မယ်။ ဟုတ်တယ်။ ဒီမှာလေ ဧပြီ ၅ ရက်”

“သူက အခန်းထဲမှာ အကြာကြီး နေတတ်တဲ့ အကျင့်ရှိသလား”

“တစ်ခါတလေ တစ်နာရီ၊ တစ်ခါတလေ နှစ်နာရီပေါ့”

“ဘာတွေ ပါလာတတ်သလဲ”

“ဘာမှ ပါမလာတတ်ဘူး။ လက်ဆွဲချိတောင် တစ်ခါမှ သယ်မလာဘူး”

“နေ့တိုင်းတော့ မလာပါဘူးနော်”

“ဟင့်အင်း… တစ်ပတ်ကို နှစ်ကြိမ်၊ သုံးကြိမ်ပေါ့”

“သူနဲ့ ပတ်သက်ပြီး ထူးခြားတာ ဘာရှိတယ် ထင်လဲ”

အမယ်ကြီးက မျက်မှန်ကို နဖူးပေါ် ပင့်တင်၍ ပါးရေတွန့်နေသော မျက်လုံးကို ပွတ်သည်။

“လူတိုင်းကတော့ တစ်နည်းမဟုတ် တစ်နည်း ထူးခြားတာချည်းပဲ။ ဟိုတယ်ဧည့်ကြိုစားပွဲမှာ အလုပ်လုပ်ဖူးရင် ဒါမျိုး ဘယ်မေးလိမ့်မလဲ”

“ဖုန်းကော သုံးသလား”

“မသုံးပါဘူး”

“ဒီအဆောက်အဦက ဟိုတယ်ဖြစ်တာ ဘယ်လောက်ကြာပြီလဲ”

“အနှစ်ငါးဆယ်လောက် ရှိပြီ”

“အရင်က ဘာလဲ”

“တခြားဟာတွေလိုပဲ ကိုယ်ပိုင်အိမ်လို့ ထင်တာပဲ”

“ပေါ်လင်းလာဂျလက် ဆိုတာကော ကြားဖူးသလား”

mgyoe.com

mgyoe.com

"ဟင့်အင်း... မှတ်တမ်းမှာ ရှာကြည့်ပေးရမလား"

"ရှာလဲ တွေ့မှာ မဟုတ်ပါဘူး"

ခဏလောက် တစ်ယောက်ကို တစ်ယောက် ကြည့်ရင်း အသံတိတ်နေမိကြ၏။ ပြီးမှ ဖလာ့ဗီရဲက –

"ကျေးဇူးပဲ"

"ရပါတယ်"

ငွေပြောသံ နည်းနည်းပါ၏။ အမယ်ကြီးက သိုးမွေးပြန်ထိုးသည်။ ဖလာ့ဗီရဲက ချက်ချင်း ထွက်မသွားသေးဘဲ စားပွဲပေါ် တံတောင်ထောက်၍ ခဏလောက် မတ်တတ်ရပ်ပြီး အိတ်ကပ်ထဲက မီးခြစ်ကို ဟိုစမ်းသည်စမ်း လိုက်စမ်းသည်။

'ခက်ပြီ။ အမှန်အတိုင်း ပြောလာအောင် ဘယ်လို ညှစ်ထုတ်ရမှန်းတောင် မသိတော့ပါလား' ဟု တွေးမိ၏။

အပေါ်တက်၍ အခန်းနံပါတ်ဆယ့်ကိုးကို သော့ပေါက်မှတစ်ဆင့် ချောင်းကြည့်လျှင်လည်း ဘာမှ တွေ့ရမှာ မဟုတ်မှန်း သူ ကောင်းကောင်း သိသည်။ သို့နှင့် အမယ်ကြီးကို ခေါင်းညိတ်၍ အင်းခနဲ အသံပြု နှုတ်ဆက်ကာ အပြင်သို့ ပြန်ထွက်ခဲ့သည်။

တတိယထပ်က အခန်းမှာ ဘာကြောင့် အနောက်ခန်း ရှိနေရသလဲ။ ယခင်ကတော့ ပေါ်လင်းလာဂျလက်၏ အိပ်ခန်းဖြစ်ခဲ့ပုံ ရသည်။ အကယ်၍ ထိုအတိုင်းသာဆိုလျှင် မဒလင်း သိနိုင်စရာ မရှိ။ ပြီးတော့ မဒလင်းသည် ပေါ်လင်း ဆူဆိုက်လုပ်သွားခြင်းကိုပင် မသိ။

လျှို့ဝှက်ဆန်းကြယ်သော မည်သည့် စေ့ဆော်တိုက်တွန်းမှုက မဒလင်းအား ထိုအဆောက်အဦရှိ ထိုအခန်းဆီ ဆွဲငင်ခေါ်ဆောင်သွားလေသနည်း။ သူ့ခေါင်းထဲသို့ ဖြေရှင်းချက်မျိုးစုံ ဝင်လာ၏။ ဥပမာ– အကြားအမြင် ရ၍။ သို့သော် မဒလင်းသည် စိတ်ကျန်းမာရေး လုံးဝကောင်းမွန်သော လူကောင်းပကတိ အမျိုးသမီးတစ်ယောက် ဖြစ်ပြီး ဤအတွက်လည်း အထူးကုများက အာမခံထားသည်ဟု ဆိုသဖြင့် ထိုအတွေးကို ပယ်ချလိုက်၏။ မဟုတ်သေး။ အဖြေကို အခြားတစ်နေရာမှ ရှာရမည်။

mgyoe.com

ဆန့်ဂျာမိန်းရိပ်သာလမ်းထောင့်ကို ပြန်ကြည့်လိုက်မိစဉ် မယ်ဒလင်း တစ်ယောက် စိန်းမြစ်ဘက်သို့ မျက်နှာချင်းဆိုင်လမ်းမှ ဆင်းချသွားသည်ကို တွေ့လိုက်ရသဖြင့် အားကုန် ပြေးသွားမိတော့မလို ဖြစ်သွား၏။ မဒလင်း ဟိုတယ်မှာ ရှိတာ နာရီဝက်တောင် မကြာသေး။

လှေဆိပ်တစ်လျှောက် ခပ်သွက်သွက် လျှောက်နေသော မဒလင်းက အော်ဆေးဘူတာကို ဖြတ်ပြီးမှ ရုတ်တရက် အငှားကားတစ်စီး ဖမ်းတားသည်။ ဖလာ့ဗီရဲလည်း နောက်တစ်စီးကို အချိန်မီ တား၍ –

“ဟောဟိုက ရေးနေ့ကားနောက် လိုက်ဗျာ” ဟု အော်ကာ ကားထဲသို့ ပစ်ဝင်ရသည်။

သူ့ကိုယ်ပိုင်ကား ယူလာမိလျှင် ကောင်းလေစွ။ အခုတော့ မဒလင်းကို မျက်ခြည်ပြတ်တော့မလို ဖြစ်ရပြီ။ ကွန်းကော့တံတားနှင့် ရှောန်ဆယ်လီဆေ့လမ်းမှာ စစ်မဖြစ်ခင်က အလုပ်အရှုပ်ဆုံး နေ့ရက်များလိုပင် ကားပိတ်ဆဲ၊ မဒလင်း၏ အငှားကားက အေတွားလ်လမ်းဘက် ဦးတည်ထားသဖြင့် အိမ်ပြန်တော့မှာ သိသာ၏။ နေရာတိုင်းမှာ ယူနီဖောင်းဝတ်များ ရှိပြီး ကားအကြီးကြီးများက အမျိုးသားနေ့အထိမ်းအမှတ် ကုက္ကလ်များကို လွှင့်ထူထားကြသည်။

ဘာမှ မဖြစ်လောက်ဟု လျစ်လျူရှုမထားသည့်တိုင် အနည်းငယ် ဂနာမငြိမ် ဖြစ်နေ၏။ သည်လို အန္တရာယ်အငွေ့အသက်မျိုး ခံစားရတာ သူ တကယ် မကြိုက်။

မဟုတ်သေး။ မဒလင်းသည် အိမ်မပြန်ချေ။ အငှားကားက ထရီယွန်မုခ်ဦးကို ပတ်၍ ပေါ့ထ်မေးရော့ ဘူတာရှိရာ ဗျူရီရိပ်သာလမ်းအတိုင်း တည့်တည့်ကြီး မောင်းသွားသည်။ ဤနေရာမှာ ကားရှင်း၏။ ကားပြတင်းမှန်ချသူ ချ၊ အမိုးဖွင့်သူ ဖွင့်နှင့် အေးအေးလူလူ မောင်းတတ်ကြသည်။

ကားဆရာက –

“အငှားကားတွေ အတွက်တောင် ဓာတ်ဆီခွဲတမ်း ဖြတ်တော့မယ့်ပုံ ရတယ်” ဟု မှတ်ချက်ချသည်။

ဂျီဗင်း ရှိသောကြောင့် ကူပွန်တွေ လိုချင်သလောက် တောင်းလို့ရမည့်အတွက် ‘ကျေးဇူးပါ ဂျီဗင်း’ ဟု သူ့ဟာသူ ရေရွတ်ပြီးမှ ထိုသို့ တွေးမိသည့်အတွက် သူ့ကိုယ်သူ အပြစ်တင်၍ သတိဖြင့် ထိန်းလိုက်ရသည်။ တစ်ဂါလန်ရရ၊ နှစ်ဂါလန်ရရ ဘယ်သူ့အတွက်မျှ ထူး၍ အကျိုးမရှိချေ။

mgyoe.com